မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေသည်။

အတွဲ (၅၄)
အမှတ် (၃၁)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ သောကြာနေ့။

မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အစ္စရေးနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒန်နီရဲ(လ်)ဇွန်ရှိုင်းသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာဝုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

OHCHR နဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ မြန်မာနိုင်ငံမှာ နိုင်ငံရေးဆန္ဒရှိပြီး လက်တွေ့ဆောင်ရွက်မှုလည်း များစွာရှိပါတယ်။ ရုံးခွဲဖွင့်ပို့ကိုလည်း နှစ်ပက်အကြား ဆွေးနွေးမှုများဆက်လက်ရှိနေပြီး ရပ်စဲမှုလုံးဝမရှိပါဘူး။

ဦးသန့်ကျော်၊ ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

အင်တာဗျူး၊ စာမျက်နှာ » ၁၀

နယ်စပ်ကုန်သွယ်ရေးအကျိုးပြုမည့် သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်း

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မွန်ပြည်နယ် သံဖြူဇရပ်-ဘုရားသုံးဆူ မြေသားလမ်းဖောက်လုပ်ထားမှုကို တွေ့ရစဉ်။

သံဖြူဇရပ် အောက်တိုဘာ ၃၀

သံဖြူဇရပ်မြို့ကိုဖြတ်ပြီး ရေးထားဝယ်ကားလမ်းအတိုင်း မောင်းလျှင် ခုနစ်မိုင်ခန့်အကွာ၌ ဘုရားသုံးဆူလမ်းကို ရောက်ရှိသည်။ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းကို သံဖြူဇရပ်မြို့အလွန် သက္ကော့ကျေးရွာအနီးမှ ထိုင်းနိုင်ငံနယ်စပ် ဘုရားသုံးဆူအထိ မြေသားလမ်းဖောက်လုပ်နိုင်ခဲ့ပြီ။

၂၀၁၂ ခုနှစ်က ကွင်းဆင်းလေ့လာခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် မြေသားလမ်း စတင်ဖောက်လုပ်ခဲ့သည်။ ယခုအခါ စုစုပေါင်းအရှည် ၆၄ မိုင်ရှိသည့် မြေသားလမ်းကို သက္ကော့ကျေးရွာအနီးမှ ထိုင်း-မြန်မာနယ်စပ်ရှိ မြန်မာနိုင်ငံဘက် ဘုရားသုံးဆူအထိ ယခုမြေသားလမ်းဖောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းသည် လက်ရှိအချိန်၌ မြေသားလမ်းဖြစ်သော်လည်း မော်တော်ကားများ၊ ဆိုင်ကယ်များ မပြတ်တမ်းမောင်းနှင်သွားလာနေကြသည်။ သံဖြူဇရပ်-ဘုရားသုံးဆူအကြား ကျေးရွာများမှ အရောင်းအဝယ်နှင့် ခရီးသွားများဖြစ်သလို ဘုရားသုံးဆူနယ်စပ်ဂိတ်သို့ မောင်းနှင်သွားလာနေကြခြင်းလည်းဖြစ်သည်။

မြေကြီးလမ်း ဖြစ်သော်လည်း သံဖြူဇရပ်ဘက်ရှိ မြေသားကားလမ်းပိုင်းတွင် အမာခံမြေကြီးလမ်းအဖြစ် ဖောက်လုပ်ထားခြင်းဖြစ်ပြီး လမ်းပိုင်းအလိုက် *စာမျက်နှာ ၃ ကော်လံ ၁* ●

ယနေ့ ⇄ မာတိကာ

စီးပွားရေးလုပ်ငန်းအကောင်းဆုံး နိုင်ငံ ဓင်ကာပူထိပ်ဆုံးဖြစ်
စာမျက်နှာ - ၄

တူညီစွာတက်လှမ်း၍
ဆောင်းပါး *စာမျက်နှာ - ၆*

ဟာဒီနန်အား အက်ပ်အောက သုံးပွဲပိတ်ပင်
စာမျက်နှာ - ၁၃

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။



ကမ္ဘာ့ဈေးကွက် အဆင့်မြင့်ကိုင်စုံမက ဂျင်ဆင်းကို ရာနှုန်း (၆) နှုန်းစာ ဝင်ရောက်ရပါသည်။ မြန်မာ့ရုံးစာနှင့် စာဆေးတော်ပေါ် ဆေးပစ်ခဲကို ရာနှုန်း အနည်းဆုံး (၃) နှုန်းကြာပါသည်။

ကျွန်တော်တို့အညာဒေသက နေကာလည်းပူ ဖုန်ကလည်းပေါပါတယ်။ ကျွန်တော် မုံးကိုရွှေနှင့် အပြင်သွားတဲ့ အခါမှာ မျက်နှာကလည်း အမြဲတွေ့လည်း ပြန်ဦးတော့ ဝက်မြိတ်တွေပေါက်လာပါတယ်။ မျက်နှာလိမ်း Cream တွေ လိမ်းပေမယ့်လည်း ချေးသာသေးရဲပြီး ထူးခြားလာခြင်းမရှိခဲ့ပါဘူး။ ကျွန်တော် အရမ်းစိတ်ညစ်ခဲ့ရပါတယ်။ နေ့စဉ်ထုတ် သတင်းစာထဲမှာ "ရွှေပြည်နန်း" သနပ်ခါးလိမ်းတဲ့ သူတွေရဲ့ ကောင်းကျိုးတွေကိုဖတ်ရတော့ လိမ်းကြည့်ချင်စိတ်တွေ ပေါက်လာပြီး "ရွှေပြည်နန်းသဘာဝအသားအရြှေသနပ်ခါး (ဘူးစိမ်း)" အသေးတစ်ဘူး ဦးမန့်ဈေးက မှာလိုက်ပါတယ်။ ဝယ်တဲ့ရက်ကစပြီး သုံးဘူးမြောက်တဲ့အထိ လိမ်းတလိုက်တာ ဇော်ခြွေတွေ၊ အဆီပြန်တာတွေ မျောက်ပြီး မျက်နှာက ဝင်းပင်းဝါဝါ ဖိုစိုပြေပြေလေး ဖြစ်လာပါတော့တယ်။ အိမ်ကညီမနဲ့ ရုံးကဝန်ထမ်းတွေက မျက်နှာဘာလိမ်းထားတာလဲ ဖြူဖြင်းနေတာပါဟု မေးတော့ အရမ်းပဲဝမ်းသာမိပါတော့တယ်။ ရွှေပြည်နန်းသံပရာ သဘာဝအသားအရြှေသနပ်ခါး ကတော့ လိမ်းလိုက်ရင် သံပရာနဲ့ သင်းသင်းလေးနဲ့ဆိုတော့ လိမ်းရတာ လွယ်ကူပြီး စိတ်ကျေနပ်မှု အပြည့်အဝရရှိစေပါတယ်။ ဒုလို ဘင်ပြန်ရရှိတဲ့အတွက် များစွာ ဂုဏ်ယူမိပါတယ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကာလဒါနပြုကြသူတို့

ဗုဒ္ဓဘာသာဝင်များအဖို့ သီတင်းကျွတ်အခါလွန်မြောက်၍ များမကြာမီ ကထိန်သင်္ကန်းကပ်လှူပွဲများကျင်းပရန် ပြင်ဆင်ကြလေ့ရှိပါသည်။ ကထိန်သင်္ကန်းကပ်လှူခြင်းကို တစ်ဦးတစ်ယောက်ချင်းထက် အများစုပေါင်းကာ မြို့အလိုက်၊ ရွာအလိုက်၊ လမ်းအလိုက်၊ အသင်းအဖွဲ့များအလိုက်၊ ဈေးများအလိုက် စုပေါင်းလှူဒါန်းလေ့ရှိပါသည်။ ဤသို့လှူဒါန်းခြင်းကို ဘုံ ကထိန်ပွဲများကျင်းပသည်ဟုဆိုပါသည်။ ဘုံကထိန်သည် စုပေါင်းအလှူပွဲဖြစ်သည့်အလျောက် ကထိန်ပွဲမပြုလုပ်မီကပင် မြို့အသီးသီး၊ လမ်းအသွယ်သွယ်တို့၌ ပဒေသာပင်များသီနိုင်ရန် တပျော်တပါး အလှူခံလေ့ရှိပါသည်။

ကထိန်သင်္ကန်းကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်း လှူဒါန်းကြပါသည်။ တစ်နည်းအားဖြင့် ကထိန်သင်္ကန်းကပ်လှူခြင်းသည် အချိန်အခါကိုလိုက်၍ လှူဒါန်းရခြင်းကြောင့် ကာလဒါနဟုလည်းခေါ်ဆိုကြပါသည်။ ဤသို့ ကာလဒါနပြုရခြင်းကြောင့် ကထိန်သင်္ကန်းကပ်လှူသူ ဒါယကာ၊ ဒါယိကာမများ အကျိုးငါးမျိုးရရှိနိုင်သလို ရဟန်းတော်များမှာလည်း အကျိုးထူးငါးမျိုးရရှိနိုင်ကြောင်း လေ့လာမှတ်သားရပါသည်။

ကထိန်သင်္ကန်းကို လှူဒါန်းရသောအကျိုးအားကြောင့် အတားအဆီးကင်းမဲ့စွာ လွတ်လပ်စွာ လိုရာခရီးကိုသွားလာနိုင်ခြင်း၊ တာဝန်ကြီးငယ်ကိစ္စများ ပေါ့ပါးသွက်လက်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်း၊ အဝတ်တန်ဆာများ ပေါများကြွယ်ဝခြင်း၊ အစားအစာများ ပေါကြွယ်ဝခြင်း၊ မိမိပိုင်ပစ္စည်းများမပေးဘဲ သူများမယူနိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း လေ့လာသိရှိရပါသည်။

ကထိန်ခင်းခြင်းသည် တစ်နှစ်လျှင် တစ်ကျောင်း တစ်ကြိမ်သာ ခင်းခွင့်ရှိကြောင်းသိရသည်။ ကထိန်ခင်းသည့် ကာလမှာလည်း သီတင်းကျွတ် လပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိဖြစ်သည်။ ကထိန်အလှူသည် ကာလဒေသအပိုင်းအခြားရှိသော အလှူဖြစ်သည်။ ထို့ကြောင့် ကာလဒါနအလှူပွဲဖြစ်သည်။ ဤကာလဒါနအလှူပွဲတွင် ကထိန်သင်္ကန်းအကျိုးငါးမျိုးသာလျှင် ရသည်မဟုတ်ပေ။ စုပေါင်းဘုံကထိန်များအဖြစ် လှူဒါန်းကြခြင်းကြောင့် စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရရှိခြင်း၊ တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်ခြင်း၊ ချစ်ခင်ရင်နှီးခြင်းစသော လောကအကျိုးများကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရန်ကုန်မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုစာလွှာ လက်မှတ်ရေးထိုး

နေပြည်တော် အောက်တိုဘာ ၃၀

ရန်ကုန်မြစ် ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများဆောင်ရွက်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Harbour Engineering Company Limited (CHEC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာလွှာ (LOC) ကို အောက်တိုဘာ ၂၈ ရက် ညနေ ၆ နာရီခွဲက နေပြည်တော် Grand Amora Hotel ၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

အခမ်းအနားသို့ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီးများနှင့်ပို့ဆောင်ရေး ဝန်ကြီးဌာန လက်အောက်ရှိ ဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ China Harbour Engineering Company Limited (CHEC) ဘက်မှ ဥက္ကဋ္ဌဖြစ်သူ Mr.Mo Wen He နှင့် အကြီးတန်းအရာရှိကြီးများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင် အနေဖြင့် ရန်ကုန်မြစ် ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှအတတ်ပညာအကူအညီများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြစ် ရေလမ်းကြောင်း ကောင်းမွန်ခြင်းအားဖြင့် နိုင်ငံတကာမှသင်္ဘောကြီးများရန်ကုန်ဆိပ်ကမ်းသို့ ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ်၍ ရေကြောင်းကုန်သွယ်မှုများ ပိုမိုတိုးတက်လာကာ နိုင်ငံတော်၏ကုန်သွယ်မှုလုပ်ငန်းများကို များစွာအထောက်အကူရရှိမည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှု စာလွှာတွင် China Harbour Engineering Company Limited (CHEC) ဘက်မှရန်ကုန်မြစ် ရေလမ်းကြောင်းနှင့်ပတ်သက်ပြီး ရေလမ်းကြောင်းအနက်ပိုမိုရရှိနိုင်ရန် သောင်တူးဖော်ခြင်းအတွက် ဖြစ်နိုင်ချေ လေ့လာမှုဆောင်ရွက်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာအကူအညီ အထောက်အပံ့များပေးခြင်း၊ ရန်ကုန်မြစ်ရေလမ်းကြောင်းအတွင်း သောင်တူးဖော်ခြင်းလုပ်ငန်းများကို နှစ်ဖက်အဖွဲ့အစည်းများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အချက်များ ပါဝင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စဉ့်ကိုင်မြို့နယ် ဝါးရင်းတုတ်တံတားအနီး မီးရထားလမ်းကူးသံတံခါး ပြန်လည်တပ်ဆင်ပေးစေလို

ထင်သာမြင်သာပြုပြင်စရာ

စဉ့်ကိုင်မြို့နယ် ဝါးရင်းတုတ်ကျေးရွာအနီးရှိ မီးရထားလမ်းဖြတ်ကျော်လမ်းမှာ ရှေးယခင်က သံတံခါးတပ်ဆင်ထားရှိပြီး မီးရထားများဖြတ်ကျော်ချိန်တွင် မီးရထားဝန်ထမ်းတစ်ဦးမှ သံတံခါးကိုပိတ်ပေးကြောင်း၊ ရထားဖြတ်ကျော်သွားပြီး အန္တရာယ်ကင်းရှင်းမှ သံတံခါးကိုဖွင့်လှစ်ပေးကြောင်း၊ မီးရထားဝန်ထမ်းနေထိုင်ရန် ပို့လ်တဲတစ်လုံးလည်း တည်ဆောက်ပေးထားပြီး ယခုအချိန်အထိ လူများနေထိုင်လျက်ရှိကြောင်း၊ ရန်ကုန်-မန္တလေးလမ်း ဖောက်လုပ်ချိန်တွင် မူလသံတံခါးကို ဖယ်ရှားပြီးချိန်မှစ၍ ယနေ့အချိန်အထိ သံတံခါးကိုပြန်လည် တပ်ဆင်ပေးခြင်းမရှိကြောင်း၊ အဆိုပါသံလမ်းကူးတံခါးမှာ ဇီးတောမြောင်းပေါင်ပေါ်တွင် ဖောက်လုပ်ထားသော ကျေးလက်ဖွံ့ဖြိုးရေးလမ်းပေါ်တွင်တည်ရှိပြီး စဉ့်ကိုင်မြို့နှင့်ဝါးရင်းတုတ်ရွာ၊ စဉ့်ကိုင်ကြီးရွာ၊ ဆင်ဖြူကုန်းကျေးရွာ၊ ကြက်စိမ့်ကျေးရွာ၊ ကြက်မျှားကျေးရွာ၊ ကံသစ်မင်းတပ် ကျေးရွာများကို ဆက်သွယ်ထားပြီး ဇီးတောမြောင်းပေါင်အတိုင်း ကျောက်ဆည်မြို့အထိ သွားရောက်နိုင်ကြောင်း၊ အဆိုပါလမ်းကို အသုံးပြု၍ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ထော်လာကျီ၊ ကားစသော ယာဉ်အမျိုးမျိုး ထောင်ပေါင်းများစွာ နေ့စဉ်သွားလာနေကြကြောင်း၊ အဆိုပါသံလမ်းကူးနေရာမှာ ရေပြင်ညီမဟုတ်ဘဲ မော့တက်ကြီးဖြစ်သောကြောင့် ယာဉ်များမှာအရှိန်ဖြင့်တက်၍ ဖြတ်ကျော်ကြရကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအရပ်ရပ်မှ မီးရထားလမ်းကူးများတွင် ရထားတိုက်မှုများ မကြာခဏ ဖြစ်ပေါ်နေသောကြောင့် အဆိုပါအန္တရာယ်များသော မီးရထားလမ်းကူးနေရာကို ရှေးယခင်ကကဲ့သို့ သံတံခါးများပြန်လည်တပ်ဆင်၍ လိုအပ်သလို ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံ တစ်ဦးထံမှ သိရှိရသည်။

စဉ့်ကိုင်ဘူတာအနီးရှိ သံလမ်းကူးတံခါးတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က အကြီးစား မီးရထားတိုက်မှုတစ်ခု ဖြစ်ခဲ့ဖူးကြောင်း၊ တာဝန်ကျမီးရထားဝန်ထမ်းက အချိန်မီသံတံခါး မပိတ်မှုကြောင့် ထိုစဉ်က မြို့နယ်တာဝန်ရှိသူ၏ ဇနီးနှင့်သမီး စီးနင်းလာသောကားမှာ စဉ့်ကိုင်ဘူတာသို့ ဖြတ်ကျော်ရန်အရှိန်လျော့ဝင်ရောက်လာသော အမြန်ရထားနှင့်တိုက်မိကာ စဉ့်ကိုင်ဘူတာအထိ ချိတ်၍ပါသွားခဲ့ကြောင်း၊ ထိုကဲ့သို့ ရင်နှင့်စရာကိစ္စများ ထပ်မံမဖြစ်ပွား၊ မပေါ်ပေါက်စေရန် တာဝန်ရှိသူများအနေဖြင့် အချိန်မီ စီမံဆောင်ရွက်ပေးစေလိုကြောင်း အဆိုပါဒေသခံကပင် ဆက်လက်ပြောပြသည်။**(၁၆၀)**

စာအုပ်စာပေ လူမှုတိတ်ဆွေ

စာပေတင်ခြင်းအနုပညာပွဲတော်(ရွှေ့ပျောင်းခေါ်စဉ်)

စာရေးသူများအဖွဲ့၊ စာတတ်သူတို့ရုပ်သံလိုင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ဖြူးသူများအသင်းတို့ ပူးပေါင်းစီစဉ်သော စာတတ်ခြင်းအနုပညာပွဲတော်(ရွှေ့ပျောင်းခေါ်စဉ်)ကို နိုဝင်ဘာ ၁၀ မှ ၁၂ ထိ ပြည်ပြီတွင်လည်းကောင်း၊ ၁၅ မှ ၁၇ ထိ ကြိုးပင်ကောက်ပြီတွင်လည်းကောင်း၊ ၂၀ မှ ၂၂ ထိ လက်ပံတန်းပြီတွင်လည်းကောင်း ပြုလုပ်ကျင်းပသွားမည်ဖြစ်ပါသည်။ အဆိုပါ ရွှေ့ပျောင်းခေါ်စဉ် စာတတ်ခြင်းအနုပညာပွဲတော်၌ မျက်စီးညီ ကြည့်စိုးထွန်း၊ ကြည်မင်း၊ ခင်ဘိုကျော်၊ မောင်သာထွဋ်၊ ရဲသန္တမ်း၊ ခန့်မိုးစား၊ ဦးမြင့်ခင်(PMA) ပြိမ်းမင်း၊ ခန့်ခင်နိုင် တို့က ပြီးအလိုက် စာပေဓလေ့အပြောကြမည်ဖြစ်ပြီး စာအုပ်ရေးပွဲတော်ပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်၍ ဆိုင်ဝန်းဖွင့်လှစ်ရောင်းချလိုသည့် စာအုပ်တိုက်များက မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ဖြူးသူများအသင်းသို့ ၃-၁၁-၂၀၁၄ (တနင်္လာနေ့) ခန့်လယ် (၁) နာရီတွင် လာရောက်စာရင်းပေးသွင်းနိုင်ပါရန် အသိပေးစိတ်ရစေအပ်ပါသည်။

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ဖြူးသူများအသင်း

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပီတာ လီရှော့တ် ဟန်ဆန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါသံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပီတာ လီရှော့တ် ဟန်ဆန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘရုစ် ရာတာ ရှုတ်ပတ်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတဦးသိန်းစိန် နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘရုစ် ရာတာ ရှုတ်ပတ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးကျော်စွာမင်း နော်ဝေဘုရင်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၀

နော်ဝေနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် အော်စလိုမြို့၌ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ်ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

✺ *ကျောဖုံးမှ*

ရရှိထားကြောင်း မအူပင်မြို့ခံတစ်ဦးထံမှ သိရသည်။

စက်မှုဇုန်များဖော်ဆောင်မှုတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။ ဒေသခံများအတွက် မထိခိုက်စေမည့် မြေယာတန်ဖိုးများကိုလည်း သတ်မှတ်ကာ လျော်ကြေးများ ပေးအပ်ဝယ်ယူရန် စီစဉ်ထားပြီး စက်မှုဇုန်အင်္ဂါရုပ်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် အခြေခံအဆောက်အအုံများ ဖော်ဆောင်ရေးကိုလည်း တိုင်းဒေသကြီးအစိုးရက တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

● *ရှေ့ဖုံးမှ*

အမာခံမြေကြီးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာ-ထိုင်း နယ်စပ်ဖြတ်လမ်းဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ခရီးသွားလာမှုတို့ကို ကြီးမားစွာအထောက်အကူပြုစေမည့် ကားလမ်းလည်းဖြစ်သည်။ ၆၄ မိုင်ရှိသော ဘုရားသုံးဆူအထိ ကားလမ်းမှာ မြေကြီးလမ်းအဖြစ် ဖောက်လုပ်ရာတွင် လမ်းပိုင်းအလိုက် ပြည်တွင်းကုမ္ပဏီများက ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းသည် ယခုအခါ ချောင်းဖြတ်တံတားကြီးငယ်ပေါင်း အစင်း ၁၀၀ ကျော်ရှိကြောင်း သိရသည်။ အရှည် ၁၀ပေ၊ ပေ ၃၀၊ ပေ ၅၀ စသည့် တံတားအတိုများမှ အရှည်ပေ ၁၀၀မှ ပေ ၂၀၀ ခန့်အထိရှိသော တံတားများလည်း ပါဝင်လျက်ရှိရာ ယင်းတံတားများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းတံတားအထူးအဖွဲ့နှင့် ကုမ္ပဏီများက တာဝန်ယူဆောက်လုပ်လျက်ရှိသည်။

“လောလောဆယ်မှာတော့ မြေကြီးလမ်းပြီးသွားပြီ။ လမ်းတစ်လျှောက်တံတားတွေကို ဆောက်လုပ်ရေးက တည်ဆောက်နေတာလာမယ့် ၂၀၁၅ ခုနှစ်မှာ ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိအနေအထားမှာတော့ မြေသားလမ်းဖြစ်ပေမယ့် မော်တော်ယာဉ်တွေနဲ့ ဆိုင်ကယ်တွေ မောင်းနှင်သွားလာနေကြပါပြီ” ဟု လမ်းဖောက်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းသည် ယခင်က လမ်းပန်းဆက်သွယ်ရေးဆိုးရွားသဖြင့် သုံးရက်ခန့် သွားရသောလမ်းခရီးဖြစ်သည်။ ယခုလမ်းဖောက်လုပ်မှုပြီးစီးပါက သံဖြူဇရပ်မှ ဘုရားသုံးဆူအထိ ၂ နာရီခန့် မောင်းနှင်လျှင် ရောက်ရှိမည်ဖြစ်ရာ ကုန်သွယ်မှုနှင့် ခရီးသွားလာရေးအတွက် လျင်မြန်ချောမွေ့သွားမည်ဖြစ်သည်။

လမ်းတစ်လျှောက်ရှိ တံတားကြီးငယ်များတည်ဆောက်ရာတွင် ပေ ၄၀ အောက် တံတားများကို လမ်းပိုင်းအလိုက် တာဝန်ယူဖောက်လုပ်နေသည့် ကုမ္ပဏီများက တည်ဆောက်လျက်ရှိပြီး ပေ ၄၀ နှင့်အထက် တံတားများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပြီးစီးပါက သွားလာမှုများပြားပြီး မြန်မာ-ထိုင်း ကုန်သွယ်မှုနှင့် ကူးလူးဆက်ဆံမှု အရှိန်အဟုန်နှင့်တိုးမြင့်လာရန် အထောက်အကူပြုစေမည့် အပြင် ဒေသဖွံ့ဖြိုးရေးအတွက်လည်း မြန်ဆန်စွာဖြစ်ပေါ်စေမည်ဖြစ်သည်။

“ဒီကားလမ်းပြီးသွားရင်တော့ ထိုင်းနိုင်ငံကို သွားရလာရလွယ်ကူမှာပါ။ ကျွန်တော်တို့ကားလမ်းဘေးကရွာတွေလည်း ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ထင်ပါတယ်။ ဒေသထွက်ကုန်တွေလည်း သွားရောင်းလို့ရပြီဆိုတော့ ဝမ်းသာစရာပါပဲ” ဟု သက္ကော့ရွာမှ ဦးထွန်းအေးက ပြောသည်။

လာမည့် ၂၀၁၅ ခုနှစ်တွင် ပြီးစီးမည့် သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းသည် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးလမ်းသစ် တစ်လမ်းအဖြစ် ရောက်ရှိလာတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

မြေပြိုမှုကြောင့် လူ ၂၅၀ ပျောက်ဆုံးပြီး ၁၀ ဦးသေဆုံး

ကိုလံဘို အောက်တိုဘာ ၃၀

သီရိလင်္ကာနိုင်ငံတွင် ရက်ပေါင်းများစွာကြာ မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုဖြစ်ပွားရာတွင် အိမ်ခြေ ၁၄၀ ကျော် မြေဖုံးလွှမ်းခံရပြီး လူ ၂၅၀ ထက်မနည်း ပျောက်ဆုံး၍ အနည်းဆုံးလူ ၁၀ ဦးသေဆုံးကြောင်း အောက်တိုဘာ ၂၉ ရက်တွင် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကိုလံဘိုမြို့တော်မှ ၁၉၂ ကီလိုမီတာအကွာရှိ ဟာလ်ဒွမ်မူလာရွာတွင် နံနက်ပိုင်း ကျောင်းတက်ပြီး ပြန်လာကြသောကလေးများသည် မြေအောက်နစ်မြုပ်နေသော ၎င်းတို့၏အိမ်များကိုသာ တွေ့ရှိကြောင်း သတင်းသမားများက ပြောကြားခဲ့သည်။

မြေပြိုမှုသည် ၃ ကီလိုမီတာထက်မနည်း ရှည်လျားကြောင်း၊ ရွာသားများကို မြေပြိုမှုဖြစ်ပွားမည့် အန္တရာယ်ကြောင့် အဝေးသို့နေရာရွှေ့ပြောင်းရန် တရားဝင်အကြောင်းကြားခဲ့သော်လည်း ရွာသားများသည် ယင်းအန္တရာယ်သတိပေးချက်ကို အလေးဂရုမပြုခဲ့ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဝန်ကြီး မဟိန္ဒာအမရာဝီရာက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့များသည် ရုပ်အလောင်း ၁၀ လောင်းကိုရှာဖွေတွေ့ရှိခဲ့ကြောင်း၊ လူ ၂၅၀ ကျော်ပျောက်ဆုံးနေပြီး အိမ်ခြေ ၁၄၀ သည် ယခုတိုင် နစ်မြုပ်နေဆဲဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနမှ ပြောရေးဆိုခွင့်ရှိသူ ပရာဒိပ်ကိုဒစ်ပီလင်မ်က ပြောကြားခဲ့သည်။

(ရိုက်တာ)

ဆီးရီးယားမြောက်ပိုင်း၌ ပြန်ပေးဆွဲခံရသည့် ကာ့ဒ်ကျောင်းသား ၂၅ ဦးကို အိုင်အက်စ်တို့က ပြန်လွှတ်ပေးခဲ့

ဒမတ်စကတ် အောက်တိုဘာ ၃၀

ဆီးရီးယားမြောက်ပိုင်း အလက်ပိုပြည်နယ်၌ လွန်ခဲ့သော မေလက ပြန်ပေးဆွဲခဲ့သည့် ကာ့ဒ်ကျောင်းသား ၂၅ ဦးကို အိုင်အက်စ်တို့က ပြန်လွှတ်ပေးခဲ့သည်။

ယခု ပြန်လွှတ်ပေးခဲ့သော ကျောင်းသားများသည် အလက်ပိုပြည်နယ် မန်ဘက်ဂျ်မြို့၌ ပြီးခဲ့သော မေလက ကျောင်းသားများ စာမေးပွဲဖြေဆိုပြီးခါနိုးတွင် အိုင်အက်စ်တို့ ပြန်ပေးဆွဲခဲ့သည့် ကာ့ဒ်ကျောင်းသား ၁၅၀ အနက် အချို့ဖြစ်သည်။ ထို့အပြင် ယခင်ကလည်း ပြန်ပေးဆွဲခံရသည့် ကျောင်းသား ဆယ်ဂဏန်းများစွာ ပြန်လွှတ်ပေးခဲ့ပြီး အချို့ကိုမူ ကာ့ဒ်ဒီမိုကရက်တစ် အဖွဲ့ဝင်များနှင့် ပတ်သက်သူများဟုဆိုကာ အကျဉ်းချထားခဲ့သည်။

အဆိုပါ ကျောင်းသားများသည် အိုင်အက်စ်နှင့် ကာ့ဒ်တိုက်ခိုက်ရေးသမားများအကြား လွန်ခဲ့သည့်တစ်လကတည်းက တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားနေသည့် ကိုဘာနီမြို့မှ ဖြစ်ကြသည်။

၎င်းတို့ ပြန်လွှတ်လာမှုနှင့် ပတ်သက်ပြီး လေ့လာသူများက အသေးစိတ်ပြောပြခဲ့ခြင်းမရှိပေ။

အိုင်အက်စ်တို့သည် ကိုဘာနီမြို့ပတ်ဝန်းကျင်ရှိ ရွာပေါင်း ၃၀၀ ကျော်ကို သိမ်းပိုက်ခဲ့ရာ ဒေသခံပြည်သူ ၁၆၀၀၀၀ ကျော် တူရကီနယ်စပ်သို့ ထွက်ပြေးခဲ့ရသည်။

(ဆင်ဟွာ)

မြောက်ကိုရီးယားခေါင်းဆောင် ခွဲစိတ်မှုခံယူခဲ့ရဟုဆို

ပြိုယမ်း အောက်တိုဘာ ၃၀

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဆြေချင်းဝတ်တစ်ဖက်မှ အကျိတ်ကို ဖယ်ရှားရန် ခွဲစိတ်မှုခံယူခဲ့ရကြောင်း တောင်ကိုရီးယား ထောက်လှမ်းရေး အေဂျင်စီက ဆိုသည်။

အဆိုပါ မြောက်ကိုရီးယားခေါင်းဆောင်အား စက်တင်ဘာ သို့မဟုတ် အောက်တိုဘာလအတွင်း နိုင်ငံခြား ဆရာဝန်တစ်ဦးက ခွဲစိတ်ကုသပေးခဲ့ကြောင်း အဆိုပါ ထောက်လှမ်းရေး အေဂျင်စီက အဂ်ီနေ့က လွှတ်တော် အမတ်များကို ပြောကြားခဲ့သည်။

မစ္စတာကင်သည် အဆိုပါ နာမကျန်းမှုကြောင့် လူထုအတွင်း ထွက်ပေါ်လာသော ဂယက်ကို ငြိမ်သက်စေရန် ကြိုးပမ်းမှုအဖြစ် ယင်းကဲ့သို့ ကြေညာခြင်းဖြစ်ကြောင်း ဆိုသည်။

ကင်ဂျုံအန်သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်သွားသော ခေါင်းဆောင် ကင်ဂျုံအိလ်၏ သားဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ပါတီ၏ ခေါင်းဆောင်အဖြစ် ရာထူးတက်ခဲ့သည်။ ကင်ဂျုံအန်သည် ကိုယ်တိုင်ကိုယ်ကျ ပြည်သူ့ရှေ့သို့ ထွက်ပေါ်လာခြင်းမရှိသလောက် နည်းပါးသည်။

ယင်းအပြင် ကင်ဂျုံအန်သည် ဂျပန်နိုင်ငံ၏ ဆုကြေးငွေ ဒေါ်လာ ၁၀ သန်းတန် ကိုယ်ကျင့်တရားဆုကို ရယူခဲ့ရာ ဂျပန်နိုင်ငံသို့ ခရီးသွားခွင့်ကို ပိတ်ပင်ထားသည်။ ဂျပန်နိုင်ငံသည် ကင်ဂျုံအန်၏ ဆုကို ပြန်အပ်ရန် တောင်းဆိုထားသော်လည်း ကင်ဂျုံအန်က ငြင်းဆိုခဲ့သည်။

ကင်ဂျုံအန်သည် ဆြေချင်းဝတ်တစ်ဖက်မှ အကျိတ်ကို ဖယ်ရှားရန် ခွဲစိတ်မှုခံယူခဲ့ရကြောင်း တောင်ကိုရီးယား ထောက်လှမ်းရေး အေဂျင်စီက ဆိုသည်။

အဆိုပါ မြောက်ကိုရီးယားခေါင်းဆောင်အား စက်တင်ဘာ သို့မဟုတ် အောက်တိုဘာလအတွင်း နိုင်ငံခြား ဆရာဝန်တစ်ဦးက ခွဲစိတ်ကုသပေးခဲ့ကြောင်း အဆိုပါ ထောက်လှမ်းရေး အေဂျင်စီက အဂ်ီနေ့က လွှတ်တော် အမတ်များကို ပြောကြားခဲ့သည်။

မစ္စတာကင်သည် အဆိုပါ နာမကျန်းမှုကြောင့် လူထုအတွင်း ထွက်ပေါ်လာသော ဂယက်ကို ငြိမ်သက်စေရန် ကြိုးပမ်းမှုအဖြစ် ယင်းကဲ့သို့ ကြေညာခြင်းဖြစ်

ပြည်တွင်းသတင်းနှင့်ကြေငြာ

လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်ပြရန်ကိစ္စနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက်(၇/၂၀၁၄)

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်ပြရန်ကိစ္စနှင့် စပ်လျဉ်း၍

သတင်းထုတ်ပြန်ချက်

၁။ ကေကေအို စောဆန်းအောင်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးအဆင့်ရှိ အောင်နိုင်သေဆုံးမှုနှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို အောက်တိုဘာလ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ ယင်းပုဂ္ဂိုလ် သေဆုံးမှုဖြစ်စဉ်အပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေး၍ လူ့အခွင့်အရေးကိစ္စနှင့်စပ်လျဉ်းသည့် အထူးအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ ဆောလျင်စွာတင်ပြရန် နိုင်ငံတော်သမ္မတရုံးက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ညွှန်ကြားထားကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

အသိပေးကြေညာချက်

နေပြည်တော် အောက်တိုဘာ ၃၀

နေပြည်တော်တွင် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပစဉ်အတွင်း လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁ ရက် နံနက် ၆ နာရီမှစတင်၍ နိုဝင်ဘာ ၁၄ ရက် ညနေ ၆ နာရီအထိ အဝေးပြေးနှင့်မြို့တွင်းခရီးသည်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များကို ရာဇသံဟလမ်း တစ်လျှောက် သပြေကုန်းအဝိုင်းမှ ကုံကော်ပန်းအဝိုင်းအထိနှင့် တော်ဝင်ရတနာလမ်းကို ရွှေကြာပင်မီးပွိုင့်မှ တော်ဝင် ရတနာလမ်းဆုံမီးပွိုင့် (တုံဂပူရိမီးပွိုင့်)အထိ လမ်းပိတ်ထားမည်ဖြစ်သည်။

အဆိုပါလမ်းများအစား တော်ဝင်ရတနာလမ်းတွင် နေပြည်တော်စည်ပင်ဧည့်ရိပ်သာရှေ့မီးပွိုင့်မှ ရွှေကြာပင် လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းများသို့ ပြောင်းလဲမောင်းနှင်အသုံးပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

(ယာဉ်ထိန်းရဲတပ်ဖွဲ့)

ကားဘီးလေထိုးရင်း ကားတာယာပွင့်ထွက်သဖြင့် လူနှစ်ဦးဒဏ်ရာရ

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြို့ အလုံမြို့နယ် သစ်တောရပ်ကွက် သစ်တောလမ်း မီးရထားသံလမ်းအနီးရှိ လေထိုးကျွတ်ဖာဆိုင်တွင် အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်ခန့်က ကားဘီး လေထိုးနေစဉ် တာယာပွင့်ထွက်၍ လူနှစ်ဦး ဒဏ်ရာရရှိသည်။

ဖြစ်စဉ်မှာ အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် နွယ်နီလမ်း အမှတ်(၁၁) ခြောက်လွှာနေ ဦးမောင်မောင်သန်း (၅၅ နှစ်)ပိုင် အလုံမြို့နယ် သစ်တောလမ်း မီးရထားသံလမ်း အနီးရှိ လေထိုးကျွတ်ဖာဆိုင်တွင် ဝင်းကို(၃၃ နှစ်)၊ အလုံမြို့နယ် စည်ပင်မော်တော်ယာဉ်ဌာန နေ့စား ဝန်ထမ်း အမှတ် (၂၀၁) မင်းရဲကျော်စွာ(၇)လမ်း (၂)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူက ဌာနပိုင် ၁၁၀၀ R ၂၀ ဆိုက် YLINGLONG စာတန်းပါ ကားဘီးကို လေလာရောက်ထိုးရာ ဆိုင်အလုပ်သမားဖြစ်သူ သီဟ (၁၈ နှစ်) အမှတ်(၁၁) ခြောက်လွှာ နွယ်နီလမ်း စောရန်ပိုင်အနောက်ရပ်ကွက် အလုံမြို့နယ်နေသူက လေပေါင်ကို ၁၅၀ ရှိသော စက်ဖြင့် လေထိုးပေးစဉ် ကားတာယာပွင့်ထွက်ပြီး ပွင့်ထွက်သည့်လေအားကြောင့် အနီးတွင်ရှိသည့် ဝင်းကိုနှင့်သီဟတို့တွင် ဒဏ်ရာများရရှိပြီး ဒဏ်ရာရရှိသူ နှစ်ဦးကို အလုံမြို့မရဲစခန်းက ရဲဆေးစာဖြင့် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးသို့ ပို့အပ်ထားရှိပြီး ပေါ့လျော့စွာဖြင့် ကားဘီးလေထိုးပေးသူ သီဟကို အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

ရန်ကုန်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၃၁၀ ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၃၀

အောက်တိုဘာ ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု (၄၂) ရန်ကုန်အနောက်မှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်မြောက်ပိုင်း ၃၄ ရပ်ကွက် ဦးဝိစာရလမ်းရှိ ဘိုဘိုမင်း လက်ဖက်ရည်ဆိုင် အနီးသို့ ရောက်ရှိလာသူ အောင်ကို လတ်အား ထိန်းသိမ်းပြီး (၃၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်ရှာဖွေရာ ၎င်း၏ ယာဘက်လက်အတွင်း ကိုင်ထားသည့် စက္ကူအိတ်အတွင်း ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် စိတ်ကြွရူးသွပ် ဆေးပြား ၁၇၁၀ သိမ်းဆည်းရမိခဲ့သည်။

အောင်ကိုလတ်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်အရ စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက်ရှိ အောင်ကိုလတ်၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းရှိ ဗီရိုအပေါ်ဆုံးထပ်မှ ပလတ်စတစ်အိတ်ဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀၀ ထပ်မံသိမ်းဆည်းရမိသဖြင့် အောင်ကိုလတ် (၃၀ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးလွှာတိုက်ခန်းဝရန်တာအုတ်ခုံပေါ်တွင် ထိုင်နေသူအမျိုးသမီးငယ်တစ်ဦး ပြုတ်ကျသေဆုံး

ရန်ကုန် အောက်တိုဘာ ၃၀

ငါးလွှာတိုက်ခန်းဝရန်တာ အုတ်ခုံပေါ်တွင်ထိုင်နေသူ အမျိုးသမီးငယ်တစ်ဦး ပြုတ်ကျသေဆုံးခဲ့ရသော ဖြစ်စဉ် ပန်းဘဲတန်းမြို့နယ်တွင် အောက်တိုဘာ ၂၉ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပန်းဘဲတန်းမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အမျိုးသမီးတစ်ဦး ငါးလွှာတိုက်ခန်းမှ ပြုတ်ကျသေဆုံးပြီး ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိနေကြောင်း သတင်းအရ အောက်တိုဘာ ၂၉ ရက် ည ၇ နာရီ မိနစ် ၄၀ က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ရှမ်းပြည်နယ် လားရှိုးမြို့နေ မတင့်တင့်စိုး(၂၀ နှစ်) ဖြစ်ကြောင်းသိရပြီး ၎င်းတွင် ဒဏ်ရာများရရှိထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်ကို စုံစမ်းခဲ့ရာ သေဆုံးသူသည် လွန်ခဲ့သော တစ်လခန့်မှ စတင်၍ ပန်းဘဲတန်းမြို့နယ် (၁) ရပ်ကွက် ရွှေတိဂုံဘုရားလမ်းရှိ အမျိုးသမီးဘော်ဒါဆောင်သို့ ရောက်ရှိ နေထိုင်ခဲ့ကြောင်း၊ အဆိုပါရက် ည ၇ နာရီခွဲက ၎င်းနေထိုင်သော ငါးလွှာတိုက်ခန်း ဝရန်တာအုတ်ခုံတန်းပေါ်တွင်ထိုင်နေရာမှ မေ့ပြင်ပေါ်သို့ ပြုတ်ကျခဲ့ပြီး ဒဏ်ရာများရရှိကာ သတိလစ်နေသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသဖြင့် သေဆုံးမှုနှင့် ပတ်သက်၍ ပန်းဘဲတန်းမြို့မ ရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

တင်လှမောင်

အထည်ချုပ်စက်ရုံ ထုတ်လုပ်ရေးမန်နေဂျာနှင့် အလုပ်သမားများ ဆက်ဆံရေးမပြေလည်မှုကြောင့် စက်ရုံ လေးရက်ပိတ်ထား

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဦးထွန်းညိလမ်း အမှတ် ၂၃၆ ရှိ ကိုရီးယားနိုင်ငံသား ပိုင်ဆိုင်သော MIDAS အထည်ချုပ်စက်ရုံ၌ ထုတ်လုပ်ရေး မန်နေဂျာဖြစ်သူနှင့် အလုပ်သား ၄၃၄ ဦးတို့ ဆက်ဆံရေး မပြေလည်မှုမှစ၍ မန်နေဂျာအား လုပ်ငန်းခွင်မှ အနားပေးရန်၊ အလုပ်မှ အနားမပေးပါက အလုပ်သမားများ အပေါ် ကျေလည်စွာဖြင့် ဆက်ဆံရေး ကတိခံဝန်ပြုပေးရန် အလုပ်သမားများက တောင်းဆိုရာ အောက်တိုဘာ ၃၀ ရက် နံနက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အလုပ်ရှင်နှင့် စက်ရုံမှတာဝန်ရှိသူများ၊ မြို့နယ်မှတာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ မပြေလည်မှုသည် အောက်တိုဘာ ၂၂ ရက်မှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၂၉ ရက်တွင် စက်ရုံအတွင်း ဝင်းတံခါးရှေ့၌ နံနက်ပိုင်းအထိ တောင်းဆိုခဲ့ကြ၍

မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သော တွေ့ဆုံညှိနှိုင်းမှု မအောင်မြင်သောကြောင့် အလုပ်သမားများ ဆက်လက်ညှိနှိုင်းသွားမည်ဟု စက်ရုံရှိ အလုပ်သမားကိုယ်စားလှယ် တစ်ဦးက ပြောကြားသည်။

MIDAS အထည်ချုပ်စက်ရုံ၌ အလုပ်သမား ၇၁၁ ဦးရှိပြီး လုပ်ခလစာ အဆင့်ပြေလျက်ရှိကာ ထုတ်လုပ်မှုမန်နေဂျာနှင့် အလုပ်သမားတို့ ဆက်ဆံရေးအဆင်မပြေမှုကြောင့်သာ ဤကဲ့သို့ ပြဿနာဖြစ်ပေါ်ခြင်းဖြစ်ပြီး စက်ရုံသက်တမ်း ၁၄ နှစ်၊ အလုပ်ရှင်နှစ်ဦး ပြောင်းလဲလုပ်ကိုင်မှုတွင် ယခုစက်ရုံပိုင်ရှင်လက်ထက်၌ အလုပ်ရှင်နှင့်အလုပ်သမား မပြေလည်ဖြစ်ပွားမှုလေးကြိမ်တွင် သုံးကြိမ်ကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့၍ မန်နေဂျာနှင့် ဖြစ်ပွားမှုတွင် ယနေ့ထိ ရှင်းလင်းသောအဖြေကို မရရှိသေးကြောင်း၊ ယနေ့မှစ၍ စက်ရုံ လေးရက်ပိတ်ထားကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

တူညီစွာတက်လှမ်း၍

စကားဝါ

၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံခေါင်းဆောင်များ တက်ရောက်ကြသည့် ထိပ်သီးအစည်းအဝေးနှစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီးနှင့် ဆက်စပ်အစည်းအဝေးများကို ယခုနှစ် မေလတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အာဆီယံဒေသတွင်း နိုင်ငံများအပြင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ အပါအဝင် နိုင်ငံပေါင်း ၂၀ ခန့် တက်ရောက်ဆွေးနွေးကြမည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မကြာမီကျင်းပတော့မည်ဖြစ်သည်။

အာဆီယံ ထိပ်သီးအစည်းအဝေးများသည် အာဆီယံ နိုင်ငံ့ခေါင်းဆောင်များ၏ ဒေသဆိုင်ရာ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင်များအတွက် ဆုံးဖြတ်ရမည့် အရေးကိစ္စများကို အဆုံးအဖြတ်ပေးရမည့် အရေးကြီးသော အစည်းအဝေးဖြစ်သည်။ အာဆီယံအတွင်းရေးမှူးချုပ် လီယောင်မင်က အာဆီယံအသိုက်အဝန်းအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် နည်းပါးစေရန် မရှိမဖြစ်လိုအပ်သော ဒေသတွင်းငြိမ်းချမ်း တည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် လက်ရှိအခြေအနေကို မြှင့်တင်ကြရန် တိုက်တွန်းထားရာ အာဆီယံနိုင်ငံများ၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းတည်ထောင်ရေးနှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်များအပေါ် အကောင်အထည်ဖော်ရေးလုပ်ငန်းများလည်း အဆိုပါ အစည်းအဝေးကြီးက ဆောင်ကျဉ်းပေးနိုင်မည်ဖြစ်သည်။ အာဆီယံပေါင်းစည်းဆက်ဆံရေး မဟာစီမံကိန်းအရ အာဆီယံဒေသကြီးကို ရုပ်ပိုင်းဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှု၊ အဖွဲ့အစည်းများဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှုနှင့် ပြည်သူအချင်းချင်း ပေါင်းစည်းဆက်သွယ်မှုများ အတွက် ဆောင်ရွက်လျက်ရှိရာ အာဆီယံဒေသတွင်း ကုန်းတွင်းနှင့် ပင်လယ်ရေကြောင်း ဆက်သွယ်မှုအရ အချက်အချာကျသော အနေအထားတွင် တည်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေး မဟာစီမံကိန်းများ အကောင်အထည်ဖော်မည့် အခွင့်အရေးများအပေါ် မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရန် လိုအပ်လှသည်။

(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသည် အာဆီယံ၏ ၁၇ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပထမဆုံးအကြိမ်ဥက္ကဋ္ဌ တာဝန်ယူမှုနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့်အတူ ပြုပြင်ပြောင်းလဲရေးကာလအတွင်း ထူးခြားသော အပြောင်းအလဲများအပေါ် ကမ္ဘာ့နိုင်ငံများက အာရုံစိုက်လာမှု၊ အာရှ-ပစိဖိတ်ဒေသ၏ အရေးပါမှုနှင့် အာဆီယံနိုင်ငံများ၏ အရေးပါမှုကို ထင်ရှားစေမည့် အစည်းအဝေးကြီးလည်း ဖြစ်သည်။

နိဝင်ဘာလတွင် ကျင်းပတော့မည် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ကမ္ဘာတစ်ဝန်းမှ မီဒီယာ ၄၀၀ ခန့်က သတင်းလာရောက်ရယူမည်ဖြစ်ကာ မြန်မာနိုင်ငံကို ကမ္ဘာ့မျက်နှာစာတွင် နိုင်ငံ့ပုံရိပ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းလည်း ဖြစ်သည်။ သို့ဖြစ်ရာ "ရှေ့သို့ တူညီတက်လှမ်းခြင်း၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ" ဟူသည့် အာဆီယံဆောင်ပုဒ်အတိုင်း တူညီစွာတက်လှမ်း၍ ပန်းတိုင်သို့ အရောက်ခရီးတက်ကြရန် တိုက်တွန်းအပ်ပါသည်။

အာဆီယံဒေသတွင်း နိုင်ငံများအပြင် အာဆီယံနှင့် ဆွေးနွေးပက်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ အပါအဝင် နိုင်ငံပေါင်း ၂၀ ခန့် တက်ရောက်ဆွေးနွေးကြမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မကြာမီကျင်းပတော့မည်ဖြစ်သည်။

ကာယပလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲအောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြု

မန္တလေး အောက်တိုဘာ ၃၀

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပခဲ့သော ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလမောင်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတို့တွင် ရွှေလေးဆု၊ ငွေနှစ်ဆု၊ ကြေးတစ်ဆုတို့ဖြင့် ပထမတံခွန်စိုက်ဒိုင်းဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သော အောင်ပွဲရ မန္တလေးတိုင်း ဒေသကြီးအသင်းမှ အားကစားမောင်မယ် လက်ရွေးစင်များသည် အုပ်ချုပ်သူနည်းပြများနှင့် အတူ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ အမြန်ရထားဖြင့် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ရောက်ရှိကြသည်။

မန္တလေးဘူတာတွင် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ မန္တလေးတိုင်းဒေသကြီးအလေးမ ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြို့၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်ကြည်နှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့အတွင်းရေးမှူး ဒေါ်ခင်မိုးမြင့်၊ အဖွဲ့ဝင် သီဟသုဓမ္မသိဏီ ဒေါ်မေသက်မော်နှင့် တာဝန်ရှိသူများ၊ မန္တလေးဘူတာမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစား ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ကာယဗလ၊ ကာယအလှအားကစားဝါသနာရှင်များက ကြိုဆိုနှုတ်ဆက်ကြပြီး အောင်ပွဲရအသင်းမှ မိသားစုဝင်များ၊ အမျိုးသမီးငယ်များကပန်းစည်းများ၊ ပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြသည်။

ထို့နောက် အောင်ပွဲရအသင်းသည်မော်တော်ယာဉ်များဖြင့် မန္တလေးဘူတာမှ ဗထူးကွင်းအထိ သွားစဉ် မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် ကြိုဆိုဂုဏ်ပြုပွဲကို တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အကျိုးစီးပွားများ မြှင့်တင်ခြင်းမှသည် ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ ခေါင်းစဉ်ဖြင့် မြန်မာ-အီးအာရ်အိုင်အေ-ဟားဗတ် ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်ကာလအတွင်း ဦးစားပေး နယ်ပယ်တစ်ခုဖြစ်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေရန် ရည်ရွယ်၍ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန (အီးအာရ်အိုင်အေ)နှင့် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်တို့ ပူးပေါင်းပြီး **"အာဆီယံစီးပွားရေး အသိုက်အဝန်း၏ အကျိုးစီးပွားများ မြှင့်တင်ခြင်းမှသည် ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"** ခေါင်းစဉ်ဖြင့် မြန်မာ-အီးအာရ်အိုင်အေ-ဟားဗတ် ဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက် နံနက်၊ နာရီက နေပြည်တော် သင်္ဃဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာနမှ အမှုဆောင်အရာရှိချုပ် Prof. Hidetoshi Nishimura နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E Le Luong Minh တို့က အဖွင့်အမှာစကားအသီးသီး ပြောကြားကြသည်။

ဆွေးနွေးပွဲသို့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ အရာထမ်းများ၊ စီးပွားရေးနှင့် သက်မွေးဝမ်းကြောင်း တက္ကသိုလ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံအတွင်းရေးမှူးချုပ် H.E Le Luong Minh နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အီးအာရ်အိုင်အေမှ အမှုဆောင်အရာရှိချုပ် Prof. Hidetoshi Nishimura နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟားဗတ်တက္ကသိုလ်မှ Prof. Tomas Valley နှင့် ကိုယ်စားလှယ်များ၊ ဂျပန်ကုန်သွယ်ရေးအေဂျင်စီ (ဂျက်ထရို)၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (အိုအီးစီဒီ) တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၃၀ တက်ရောက်ကြသည်။

ဆွေးနွေးပွဲကို အပိုင်း (၄) ပိုင်းခွဲ၍ ကျင်းပခဲ့ရာ ပထမပိုင်းတွင် ၂၀၁၅ ခုနှစ် အေအီးစီ အောင်မြင်မှုနှင့် အလားအလာများနှင့် စပ်လျဉ်း၍ မြန်မာအရင်းအမြစ်ဖွံ့ဖြိုးမှုအဖွဲ့ (MDRI) မှ ဒေါက်တာသန်းထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အီးအာရ်အိုင်အေမှ အကြီးတန်း သုတေသနပညာရှင် Dr. Ponciano S. Intal က ၂၀၁၅ ခုနှစ်အလွန် အာဆီယံ၏ အခြေအနေများ၊ ဂျပန်နိုင်ငံ အိုအီးစီဒီမှ Ms. Yumiko Murakami က ကမ္ဘာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် အာဆီယံဖြစ်ပေါ်လာစေရေး၊ မြန်မာနိုင်ငံမှ အဆင့်မြင့် စီးပွားရေးအရာရှိ ဒေါ်သန်းသန်းလင်းက မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို လည်းကောင်း၊ စတုတ္ထပိုင်းတွင် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ Prof. Thomas Valley နှင့် ဦးဘို ဘိုငယ်တို့က အာဆီယံတွင် မြန်မာနိုင်ငံ၏ပါဝင်မှုနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးချက်များအပေါ် အီးအာရ်အိုင်အေမှ အမှုဆောင်အရာရှိချုပ် Prof. Hidetoshi Nishimura က သုံးသပ်ဆွေးနွေးပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ဟားဗတ်တက္ကသိုလ်မှ Prof. Thomas Valley တို့က နိဂုံးချုပ်အမှာစကားများ ပြောကြား၍ ဆွေးနွေးပွဲကို ညနေ ၅ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်း-မြန်မာချစ်ကြည်ရေး ရိုးရာယဉ်ကျေးမှုပွဲကျင်းပ

မြဝတီ အောက်တိုဘာ ၃၀

ထိုင်း-မြန်မာ ချစ်ကြည်ရေး တံတားအနီး (ထိုင်းဘက်ခြမ်း) မဲဆောက်မြို့တွင် ကျင်းပသော ၂၀၁၄ ခုနှစ် ထိုင်း-မြန်မာ ချစ်ကြည်ရေး သောင်းရင်းမြစ်လွဲကထုံ ရိုးရာယဉ်ကျေးမှုပွဲတော်ကို အောက်တိုဘာ ၂၈ ရက် ညက မြဝတီမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ ထိုင်းနိုင်ငံ မဲဆောက်မြို့ပိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနားတွင် မြန်မာဘက်မှ နှစ်ပါးသွားအက၊ ရုပ်သေးအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကာ ထိုင်းနိုင်ငံဘက်မှ လွှဲကထုံးရိုးရာလေ့အကအလှများ၊ ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ ဦးသန်းရွှေက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(၀၂၅)

ရွှေပြာထောက်ခံရေးရာဒေသ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

လယ်သမားများအနေဖြင့် စက်ကိရိယာဝယ်ယူသည့်ခွေးငွေ ပြန်ဆပ်နိုင်ရန် နည်းလမ်းများကို ဆောင်ရွက်ထားပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၃၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် (၂၁) ရက်မြောက်နေ့ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ထပ်မံပေးပို့ထားသော ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co.,Ltd. ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦးက တောင်သူလယ်သမားများ၏ဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ စီမံဆောင်ရွက်ပေးရမည်ဖြစ်သည်နှင့်အညီ အဖြစ်နိုင်ဆုံး နည်းလမ်းမှာ ယခု ခွေးငွေသန်း ၁၀၀ တန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူဆောင်ရွက်ခြင်းမှာ သင့်လျော်ပါကြောင်း၊ ယခုကဲ့သို့စီမံဆောင်ရွက်ပေးမှုမှာ စက်ကိရိယာများ ဝယ်ယူသုံးစွဲနိုင်မှုမရှိ၍ အခိုင်မိစိုက်ပျိုး ရိတ်သိမ်းနိုင်ခြင်းမရှိသည့်အတွက် ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည့် တောင်သူလယ်သမားများအတွက် ဆောင်ရွက်ပေးသင့်သောကြောင့် ဝယ်ယူမည့် အစီအစဉ်ကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဒုိက်ဦးမဲဆန္ဒနယ်ဦးမင်းဆွေက ယခုကဲ့သို့ရာသီမမှန်သည့်ကာလတွင် တောင်သူ လယ်သမားများအနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း လယ်သမားများအတွက် လိုအပ်သည့် စက်ပစ္စည်းများ ဝယ်ယူနိုင်ရန် အရင်းအနှီးမရှိပါကြောင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် အတိုးနှုန်းကြီးမြင့်နေခြင်း၊ ပြန်လည်ပေးဆပ်သည့် ကာလတိုတောင်းခြင်းစသည့် အခက်အခဲများကြောင့် ငွေရှိသူများသာဝယ်ယူနိုင်ပြီး ငွေမရှိသည့် တောင်သူများအနေဖြင့် များစွာခက်ခဲပါကြောင်း၊ သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံ၏ ချေးငွေဖြင့် ဝယ်ယူမည့် စက်ကိရိယာများမှာ အရည်အသွေးကောင်းမွန်ခြင်း၊ အတိုးနှုန်းနည်းခြင်း၊ ပြန်လည်ပေးဆပ်ရသည့်ကာလဝန်ထုပ်ဝန်ပိုးမဖြစ်နိုင်ခြင်းတို့ကြောင့် ခွင့်ပြုသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မအုပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ကိုရီးယားနိုင်ငံမှ လယ်ယာသုံးစက်ပစ္စည်း ဒေါ်လာသန်း ၁၀၀ ဖိုးအကြွေးရယူဆောင်ရွက်မည့်ကိစ္စမှာ ပြည်ထောင်စုလွှတ်တော်က သဘောတူပြီး ပြည်ထောင်စုအစိုးရမှ တာဝန်ခံရမည့်ကိစ္စဖြစ်ပါကြောင်း၊ အမှားအယွင်းမခံနိုင်သော နိုင်ငံစီးပွားရေးအခြေအနေတွင် သေချာစွာအောင်မြင်အောင် ဆောင်ရွက်ပြီးစီးနိုင်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိဆောင်ရွက်နေပြီး ကျေးလက်လူထုနှင့် လုပ်ငန်းသဘောအရ ဆက်စပ်နေသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအား တာဝန်ပေးခြင်းသည် ပိုမိုအောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ယင်းလုပ်ငန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား လွှဲပြောင်းပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မင်းကင်း မဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်က ယခုချေးငွေ ဒေါ်လာသန်း ၁၀၀ ဖြင့် ဝယ်ယူမည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများသည် အရည်အသွေးမီပြီး အာမခံစနစ်၊ မျှဝေပေးနိုင်မည့် နည်းပညာများနှင့် ဝန်ဆောင်မှုများမှာလည်း ကောင်းမွန်ကြောင်းကို ကြားသိရပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အစိုးရ၏ ကူညီဆောင်ရွက် ပေးမှုကိုလည်း အလေးထားသင့်သည့်အတွက် ယခုလိုကုမ္ပဏီများကို မိမိတို့နိုင်ငံသို့ ဖိတ်ခေါ်ပြီး လွတ်လပ်စွာ ရောင်းချနိုင်ရန် ဖိတ်ခေါ်ပြီး တောင်သူလယ်သမားများအား ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် လည်းကောင်း၊ ကာလရှည်အရစ်ကျချေးငွေစနစ်ဖြင့် လည်းကောင်း၊ ဝယ်ယူနိုင်ရန် သမဝါယမဝန်ကြီးဌာနအနေဖြင့် တာဝန်ယူ၍ စီမံခန့်ခွဲခြင်းကိုသာ ဆောင်ရွက်သင့်ပါကြောင်း၊ ယခုလို စက်ကိရိယာများ ဝယ်ယူရန် တင်ပြလာခြင်းကို တိုင်းပြည် အနာဂတ်ခရီးကို ရှုမျှော်၍ အပြုသဘောဖြင့် ကန့်ကွက်ပါကြောင်း ဆွေးနွေးခဲ့သည်။

လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တောင်သူလယ်သမားများလယ်ယာသုံး စက်ကိရိယာများကို သုံးစွဲတတ်စေရန်နှင့် ပြုပြင်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လည်း ကျေးရွာတိုင်းသို့ သွားရောက်လှုပ်ကိုင်နိုင်ခြင်း မရှိပါကြောင်း၊ လယ်သမားများအနေဖြင့် စက်ကိရိယာဝယ်ယူသည့် ချေးငွေပြန်ဆပ်နိုင်ရန် နည်းလမ်းများကိုလည်း အသေးစိတ် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

အလုပ်အကိုင်အခွင့်အလမ်းများပေါ်မူတည်၍ လူငယ်လူရွယ်များလုပ်ကိုင်နိုင်ရန် ခိုင်တ်ဆက်ဆောင်ရွက်ပေးနေ

နေပြည်တော် အောက်တိုဘာ ၃၀

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ချမ်းမြသာစည် မဲဆန္ဒနယ်မှ ဦးတင်မောင်၏ **"၂၀၁၅ ခုနှစ် နောက်ပိုင်း တက္ကသိုလ်ဝင်ခွင့် စာမေးပွဲများကို တက္ကသိုလ်အလိုက် စစ်ဆေးခဲ့လျှင် ဒသမတန်းရမှတ်အား ထည့်သွင်းစဉ်းစားခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုကို အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ အခြေခံပညာရေးဖွဲ့စည်းပုံတွင် (KG + 12)စနစ်ဖြင့် သူငယ်တန်းအပါအဝင် ပထမတန်းမှ ဒွဒသမတန်းအထိ သင်ကြားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ထို့အတူ အခြေခံပညာပြီးဆုံးသည့် စာမေးပွဲနှင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို သီးခြားစီ ကျင်းပရန် ဆွေးနွေးနေဆဲဖြစ်ပြီး အခြေခံပညာပြီးဆုံးကြောင်း စစ်ဆေးမည့် စာမေးပွဲသည် အစိုးရစစ်ပင်ဖြစ်၍ ကျောင်းစစ်အဖြစ်သာရှိမည်ဆိုခြင်းမှာ မဟုတ်ပါကြောင်း၊ အမျိုးသား ပညာရေးဥပဒေအရ

ဒုတိယဝန်ကြီး ဦးထင်အောင်ဖြေကြားစဉ်။ (သတင်းစဉ်)

ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမိုး မေးမြန်းစဉ်။ (သတင်းစဉ်)

တက္ကသိုလ်များသည် သီးခြားလွတ်လပ်စွာရပ်တည်၍ တက္ကသိုလ်၏ ပညာရည်အဆင့်အတန်း မြင့်မားရေး၊ အရည်အသွေးအာမခံနိုင်မှု ရှိရေးနှင့် ပညာရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ အသိအမှတ်ပြုမှုရရှိရေးကို တက္ကသိုလ်များက လွတ်လပ်စွာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့် တက္ကသိုလ်က လက်ခံသင်ကြားပေးလိုသည့် အရည်အချင်းရှိသော တက္ကသိုလ်ကျောင်းသားများကို ရွေးချယ်ခွင့်ရရှိကြမည်ဖြစ်၍ တက္ကသိုလ်အလိုက် အခြေအနေအမျိုးမျိုးဖြစ်နိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမိုး၏ **"ပညာရေးချို့တဲ့၍ အလုပ်အကိုင်မရရှိသော လူငယ်များအတွက် အထူးအစီအစဉ်ဖြင့် မည်သည့် စီမံကိန်းများ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် အတူဖြစ်ပေါ်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအပေါ် မူတည်၍ ဝန်ကြီးဌာနအနေဖြင့် အလုပ်လုပ်ကိုင်လိုသူ လူငယ်လူရွယ်များကို သင့်လျော်သောလုပ်ငန်းခွင်သို့ ရောက်ရှိလုပ်ကိုင်နိုင်ရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေး ရုံးများမှ တစ်ဆင့် ခိုင်တ်ဆက်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်နှင့် သင့်တော်

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

လက်လုပ်လက်စားအလုပ်သမားများကို ဝိုင်းကြီးချုပ်အဖွဲ့ငယ်များဖွဲ့စည်းစေပြီး ငွေချေးလုပ်ငန်းများဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၃၀

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင်၏ **"ကမ္ဘာ့အမွေအနှစ် စာရင်း၀င်ဖြစ်ရန် စီမံဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်၊ အလားတူ ယဉ်ကျေးမှုရှေးဟောင်း အမွေအနှစ်များ တည်ရှိရာနေရာ များစွာကျန်ရှိနေခြင်းအပေါ် ဆက်လက်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအတွက် မည်ကဲ့သို့ ရည်မှန်းချက်ထား၍ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က နိုင်ငံတစ်နိုင်ငံ၏ အမွေအနှစ်တစ်ခုကို ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရန်အတွက် ၁၉၇၂ ခုနှစ် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ဆောင်ရွက်ရပါကြောင်း၊ ထို့နောက် မိမိတို့နိုင်ငံရှိ အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်သွင်းရပါကြောင်း၊ တစ်နှစ်လျှင် ယဉ်ကျေးမှု အမွေအနှစ်တစ်ခုနှင့် သဘာဝအမွေအနှစ်တစ်ခု တင်သွင်း

ဒုတိယဝန်ကြီး ဦးသန်းထွန်းဖြေကြားစဉ်။ (သတင်းစဉ်)

ခွင့်ရှိပါကြောင်း။

တင်သွင်းမည့် အမွေအနှစ်နှင့် ပတ်သက်၍ ကာလအလိုက် အစီရင်ခံစာ တင်သွင်းပြီး ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး အထောက်အပံ့ လျှောက်ထားရပါကြောင်း၊ သက်ဆိုင်ရာအမွေအနှစ်နှင့် ပတ်သက်၍ ပြုစုထားသော အမွေအနှစ်အမည်စာရင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ၏ဖော်ပြချက်၊ အမွေအနှစ်စာရင်းအတွက် အကြောင်းအကျိုးဖော်ပြချက်၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပျက်စီးစေနိုင်သော အချက်များ၊ အဆိုပြုထားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစီမံခြင်း၊ စောင့်ကြည့်လေ့လာမှုများ၊ အထောက်အထားများ၊ ဆက်သွယ်ဆောင်ရွက်ရမည့်အဖွဲ့အစည်းနှင့် အတည်ပြုလက်မှတ်ရေးထိုးခြင်းတို့ ပါဝင်သည့် စာတွဲမူကြမ်းကို ကမ္ဘာ့

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဖိုးဇော် မေးမြန်းစဉ်။ (သတင်းစဉ်)

အမွေအနှစ်ဗဟိုသို့ တင်သွင်းရပါကြောင်း။

ယင်းမူကြမ်းစာတွဲကို ကမ္ဘာ့အမွေအနှစ်ဗဟိုက ပဏာမလေ့လာစိစစ်၍ ဝေဖန်၊ သုံးသပ်၊ အကြံပြုချက်တို့အား သက်ဆိုင်ရာနိုင်ငံသို့ အကြောင်းကြားလာသည့်အခါ သက်ဆိုင်ရာနိုင်ငံက ပြန်လည်ပြင်ဆင်တည်းဖြတ်၍ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ ပြန်လည်တင်ပြရပါကြောင်း၊ ယင်းစာတွဲကို လက်ခံပါက လက်ခံကြောင်း အကြောင်းကြားစာနှင့်အတူ မြေပြင်ကွင်းဆင်း စုံစမ်းစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ကြောင်း အသိပေးပြီး ပညာရှင်တစ်ဦး (သို့မဟုတ်)နှစ်ဦးက လာရောက်စစ်ဆေးပါကြောင်း၊ ထို့နောက် ၎င်းတို့၏ စစ်ဆေး၊ သုံးသပ်ချက်ကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်အကြောင်းကြားပါကြောင်း။

သုံးသပ်၊ ဆုံးဖြတ်ချက်အပေါ် မူတည်၍ ဇွန်လ၌ နှစ်စဉ်ကျင်းပသော ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေးတွင် အဖွဲ့ဝင် ၂၁ နိုင်ငံမှ

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒိန်းမတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E.Mr. Peter Lysholt Hansen အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်မှ

ကျွမ်းကျင်မှုရှိသော အသက်မွေးဝမ်းကျောင်း အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင် တည်မြဲစေရေးအတွက် အလုပ်သမား ဥပဒေများနှင့်ပတ်သက်သည့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြင့် ဖြေကြားသည်။

ထို့နောက် **“၂၀၁၃ခုနှစ် အသက်သေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြဆွေးနွေးရန် အတည်ပြုခဲ့ကြသည်။

ယင်းနောက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း၏ **“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် အနာဂတ်အစီအမံများမည်သို့ချမှတ်ထားသည်နှင့် အစီအမံများကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများကြုံတွေ့လာပါက မည်သည့်နည်းလမ်းဖြင့် ဆောက်ရွက်မည်ကို သိလိုခြင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းက ကော်မရှင်မှ တင်ပြသည့် နည်းလမ်း(၈)မျိုးအနက် နည်းလမ်းနံပါတ်(၄)သည် ပိုမိုအသေးစိတ်ကျပြီး မဲဆန္ဒရှင် ပြည်သူများကို ပိုမိုကိုယ်စားပြုပေးနိုင်ပါကြောင်းနှင့် လူထု၏ဆန္ဒမဲများကို အလဟဿ မဖြစ်စေလွှင့်မှုမှ ကာကွယ်ပေးနိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံသမိုင်းမှတ်တိုင်တစ်ခုကို အောင်မြင်စွာ စိုက်ထူနိုင်ရန်အတွက် ကောင်းမွန်သော ယုံကြည်ချက်၊ ရည်ရွယ်ချက်များဖြင့် နိုင်ငံ၏ ရွေးကောက်ပွဲစနစ်တစ်ခု ဖြစ်ပေါ်လာရေးကို ကြိုဆိုပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က ပါတီစုံဒီမိုကရေစီစနစ် ဖြစ်သည့်အတွက် ပြည်သူများက ရွေးချယ်သော ကိုယ်စားလှယ်များသည် ပါတီကြီး၊ ပါတီငယ်မဟူ လွှတ်တော်တွင် ပါဝင်ခွင့်ရရှိပြီး ဒီမိုကရေစီလမ်းကြောင်းကို အတူတကွ ပူးပေါင်းလျှောက်လှမ်းခွင့်ရှိသည့် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ ယခုကော်မရှင်ကတင်ပြသည့် နည်းလမ်းများအနက် မဲအများဆုံးရသူ အနိုင်ယူစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားသည့် ရွေးကောက်ပွဲနည်းလမ်း(၄)သည် ကမ္ဘာတွင် ကျင့်သုံးနေသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်နှင့် အလားသဏ္ဌာန်တူညီပြီး ရွေးကောက်ပွဲစနစ် တစ်မျိုးမျိုး၏ ဆန္ဒမဲရလဒ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အချိုးမညီမှုမှန်သမျှကို ကိုယ်စားလှယ်အချိုးအဆဖြင့် အစားထိုးဖြည့်ဆည်းပေးသည့်ပုံစံဖြစ်၍ နိုင်ငံသားများ၏ ဆန္ဒနှင့် နိုင်ငံတော်၏ ပကတိအရှိတရားအပေါ် သေချာစွာ လေ့လာသုံးသပ် ဆုံးဖြတ်ပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. WANG Yingfan အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် ရေးဦးစီးချုပ်ရုံး (ကြည်း) မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. WANG Yingfan နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိနေသည့် လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးအကောင်အထည်ဖော်မှု အခြေအနေများကို အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. WANG Yingfan တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

အမျိုးသားလွှတ်တော်မှ

ဝေဖန်၊ သုံးသပ်၊ ဆွေးနွေးပြီးနောက်ဆုံးအတည်ပြု သတ်မှတ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင် ၁၇ နိုင်ငံ၏ ထောက်ခံ အတည်ပြုချက်ဖြင့် ပျဏ္ဍရွေဟောင်းမြို့များအား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်နိုင်ခဲ့ပါကြောင်း။

ထို့အပြင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်ရရှိရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မဖြစ်မနှင့် ဖြစ်ပြီးနောက်တွင် စီမံခန့်ခွဲရေးဆိုင်ရာ အပိုင်းများစွာ ရှိပါကြောင်း၊ ထိန်းသိမ်းမှု၊ ကာကွယ်မှု၊ Disaster Management၊ Visitor Management စသည့် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီမှုရှိရန်လိုအပ်ပြီး လိုက်နာရန် ကန့်သတ်ချက်များစွာရှိပါကြောင်း၊ လူနေထိုင်မှုနေရာများနှင့် ရောယှက်နေပါက ဆောင်ရွက်ရသည်မှာ ပိုမိုခက်ခဲပါကြောင်း။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ရေး ဆောင်ရွက်ရာတွင် မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်တက်ရန်၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သည်နှင့်အညီ အမွေအနှစ်များ ရေရှည်ကြံ့ခိုင်စေရေးအတွက် ပိုမိုထိရောက်သည့် နည်းပညာအကူအညီ၊ ငွေကြေးအကူအညီများ ပိုမိုရရှိလာရန်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပြီး နိုင်ငံဝင်ငွေတိုးတက်လာရန်နှင့် ဒေသခံများအလုပ်အကိုင်ပိုမိုရရှိရန် စသည့် ရည်မှန်းချက်များထားရှိ ဆောင်ရွက်ပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော်၏ **“သမဝါယမဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တောင်သူများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ပုံစံ(၇)တင်ပြပြီး အတိုးနှုန်းသက်သာစွာ ချေးငွေထုတ်ပေးသကဲ့သို့ လက်လုပ်လက်စား အလုပ်သမားများကို ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက သမဝါယမအသေးစား အရင်းအနှီးငွေများကို ဌာနဆိုင်ရာ သမဝါယမအသင်း၊ ရပ်ကွက်၊ ကျေးရွာ သမဝါယမအသင်း၊ ဈေးသမဝါယမအသင်း၊ အသေးစားချေးငွေ သမဝါယမအသင်း၊ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ မွေးမြူရေးလုပ်ငန်းသမဝါယမအသင်းနှင့် စက်မှုလက်မှုသမဝါယမအသင်းများသို့ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

လယ်ယာပိုင်ဆိုင်မှုမရှိသည့် လက်လုပ် လက်စားသမဝါယမအသင်းသားများ၊ ဆိုင်ခန်းပိုင်ဆိုင်မှုမရှိသည့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ရပ်ကွက်အတွင်းရှိ မိမိနေအိမ်တွင် တစ်ပိုင်တစ်နိုင်ဈေးရောင်းသူများ၊ ဆိုက်ကား၊ မြင်းလှည်းမောင်းသူတို့အား ဆန္ဒတူသူများဖြင့် ပိုင်းကြီးချုပ်အဖွဲ့ငယ်များ ဖွဲ့စည်းစေပြီး သမဝါယမအသင်းများဖွဲ့စည်း၍ ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

အသင်းသားတစ်ဦးချင်း ထုတ်ချေးပေးသည့်ပမာဏမှာ အသင်းသား၏ အစု၊ စုဆောင်းငွေ၏ သုံးဆထုတ်ချေးခြင်း၊ အသင်းသား၏ တစ်နေ့ဝင်ငွေအပေါ်မူတည်ပြီး ငွေကျပ် သုံးသောင်း၊ ငါးသောင်းမှ တစ်သိန်းအထိ ထုတ်ချေးခြင်းတို့ ဆောင်ရွက်လျက် ရှိပါကြောင်း၊ အသေးစားအရင်းအနှီးချေးငွေကို အိမ်ထောင်စု (မိသားစု)တစ်စုလျှင် ကျပ်တစ်သိန်း၊ နှစ်သိန်း၊ သုံးသိန်း၊ လေးသိန်း၊ ငါးသိန်း စသည့် နှုန်းများအတိုင်း တိုးမြှင့်ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် **ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဇုန်လှယ်ထန်းက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် ပါဝင်သည့် ရွေ့စာရင်းတိုင်းသည့်ကိစ္စသည်ဒီမိုကရေစီစံချိန်စံညွှန်းနှင့် မကိုက်ညီပါကြောင်း၊ ယင်းဥပဒေအရ တစ်နေရာမှတစ်နေရာသို့ရောက်တိုင်း ရွေ့စာရင်းတိုင်ရပါကြောင်း၊ မတိုင်ပါက ပြစ်မှုကျူးလွန်ရာရောက်ပါကြောင်း၊ ရွေ့စာရင်းမတိုင်မိ၍ ထောင်ကျခဲ့ရသူများရှိပါကြောင်း၊ အခြားနိုင်ငံများတွင် ရွေ့စာရင်းတိုင်သည့် စနစ်မရှိတော့သည်ကို သိရှိရပါကြောင်း၊ ပြည်သူများနေရင်းထိုင်ရင်း ပြစ်မှုကျူးလွန်သူအဖြစ် ရောက်စေသည့် ပုဒ်မဖြစ်နေပါကြောင်း၊ ထို့ကြောင့် ယင်းပုဒ်မသည် မလိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းဆွေးနွေးချက်နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်မည်ဖြစ်သည်။

အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၂၇) ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီကော်မတီဝင် ဦးသန်းဝင်းဦးခေါင်းဆောင်၍ အဖွဲ့ဝင် ၁၄၂ ဦး၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်မှ လူမှုအထောက်အကူပြုအဖွဲ့နှင့် ပြည်သူ ၄၈ ဦး စုစုပေါင်း ၁၉၀ တို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ကျင်းပနေပုံကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မဏ္ဍိုင်ကြီးသုံးရပ် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းပြီး ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာတိုးမြှင့်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၁၄ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင်ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေး၌ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း၏ **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် အနာဂတ်အစီအမံများမည်သို့ ချမှတ်ထားသည်နှင့်အစီအမံများကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများကြုံတွေ့လာပါက မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်၏ ပြန်လည်ရှင်းလင်းဖြေကြားချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ရှိပါတယ်၊ လွှတ်တော်နှစ်ရပ်ပေါင်း၍ ဆုံးဖြတ်ရမယ့်ကိစ္စများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ပါတယ်၊ လွှတ်တော်များတွင် ကိုယ်စားလှယ်များသည် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဘာသာစွဲ၊ ပါတီစွဲမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ လွှတ်တော်လုပ်ငန်းကော်မတီတာဝန်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်လုံးတွင် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟု ကော်မတီ(၄)ရပ်တို့ကို ဖွဲ့စည်းရပါတယ်၊ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့ကို ဖွဲ့စည်းထားပါတယ်။

အခြားရေးရာကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် တိုးချဲ့ကော်မတီ ၁၉ ခုကိုလည်း အခါအာလသတ်မှတ်၍ ဖွဲ့စည်းထားရှိပါတယ်၊ အဆိုပါကော်မတီများသည် သက်ဆိုင်ရာလုပ်ငန်းများကို လွှတ်တော်ကိုယ်စားဆောင်ရွက်လျက်ရှိရာ အခါခပ်သိမ်းတွင်း လွှတ်တော်လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လာနိုင်ပါတယ်။

ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကော်မတီစုစုပေါင်း ၂၃ ခုကို လုပ်ငန်းများဆောင်ရွက်ရာမှာ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ၁၆-၁၀-၂၀၁၄ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်၊ ယခုအခါမှာတော့ လွှတ်တော်ကိုယ်စားလှယ် ၂၁ဦး၊ ပြင်ပပညာရှင် ၃၉ ဦး စုစုပေါင်း ၆၀ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ရုံး ဖွဲ့စည်းပုံအပြည့်အင်အားမှာ ၁၅၄၂ ဦးရှိပြီး ယခုဖွဲ့စည်းအင်အား ၄၆၄ ဦးဖြင့် ဖွဲ့စည်းထားရှိပါတယ်၊ လွှတ်တော်ရုံးများရှိ အကြီးတန်းအရာရှိအများစုမှာ အခြားသောဝန်ကြီးဌာနများမှ လုပ်ငန်းလိုအပ်ချက်အရ ပြောင်းရွှေ့လာကြသူများဖြစ်၍ ဌာနဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ကျွမ်းကျင်ကြသော်လည်း လွှတ်တော်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံနည်းပါးသူများ ဖြစ်ကြပါတယ်၊ သို့သော်လွှတ်တော်သက်တမ်း သုံးနှစ်ကျော်အတွင်း လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြေပြစ်ချောမွေ့အောင် အထူးအားထုတ်ဆောင်ရွက်လျက်ရှိပါတယ်။

အခြားနိုင်ငံ လွှတ်တော်ရုံးများနှင့် နှိုင်းယှဉ်လျှင် ဝန်ထမ်းအင်အား၊ ဝန်ထမ်းကျွမ်းကျင်မှု အားနည်းချက်များရှိတာ မှန်ပါတယ်၊ အဲဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာပါလီမန်များနှင့်ပူးပေါင်းပြီး Capacity Building သင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်၊ လက်ရှိဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှာ NDI (National Democratic Institute), Open Society (English Classes), German Foundation (FES), Westminster Foundation, DFID, Hanna Siedel Foundation, GIZ နှင့် UNDP အဖွဲ့အစည်းတို့ဖြစ်ပါတယ်။

လွှတ်တော်၏ အဓိကလုပ်ငန်းမှာ ဥပဒေပြုရေးဖြစ်သဖြင့် နိုင်ငံနှင့်နိုင်ငံသားများအားလုံးအတွက် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ မလိုအပ်သဖြင့် ပယ်ဖျက်ခြင်းများ အောင်မြင်စွာ ဆောင်ရွက်မှုသာ လွှတ်တော်၏လုပ်ငန်းများ အောင်မြင်သည်ဟု သုံးသပ်နိုင်မှာဖြစ်ပါတယ်၊ လွှတ်တော်များပေါ်ပေါက်လာသည့် ၂၀၁၁ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုလွှတ်တော်က အတည်ပြု၍ ထုတ်ပြန်ပြဋ္ဌာန်းပြီးသော ဥပဒေပေါင်း ၁၂၀ ရှိပြီဖြစ်ပါတယ်၊ ဒီ ၁၂၀ ခုထဲမှာ ပြင်ဆင်သည့်ဥပဒေပေါင်း ၄၇ ခု၊ ဥပဒေအသစ် ၂၅ ခု၊ လုံးဝရုပ်သိမ်းသော ဥပဒေ ၁၂ ခု၊ တည်ဆဲဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသော ဥပဒေ ၂၆ ခုနှင့် စီမံကိန်း၊ ဘတ်ဂျက်၊ အခွန်နှင့်ဆိုင်သောဥပဒေ ၁၀ ခုဖြစ်ပါတယ်၊ လွှတ်တော်နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ၂၀၁၄ ခုနှစ် မေလက ညှိနှိုင်းဆွေးနွေးမှုအရ ရုပ်သိမ်းရန် ၉ ခု၊ ပြင်ဆင်ရန် ၆၇ခု၊ လက်ရှိဥပဒေကိုရုပ်သိမ်း၍ အသစ်ရေးဆွဲရန် ၄၁ ခုနှင့် အသစ်ရေးဆွဲရန် ၁၉ခု စုစုပေါင်းဥပဒေ ၁၃၆ခု စာရင်းရရှိပြီး ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ငန်းတာဝန်များကို တတ်နိုင်သမျှ သီခြားစီပိုင်ခြားထားပြီး အချင်းချင်း အပြန်အလှန်ထိန်းညှိဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတွက်ကြောင့် အပြန်အလှန်ထိန်းညှိမှုကဏ္ဍသည် မဏ္ဍိုင်ကြီး (၃)ရပ်အတွက် အလွန်အရေးပါသော ကဏ္ဍဖြစ်ပြီး ကြုံတွေ့နေရသော စိန်ခေါ်မှုများကတော့ မဏ္ဍိုင်အချင်းချင်း နားလည်မှုရှိစွာ အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအကြား အပြန်အလှန်ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် **မြန်မာလွှတ်တော်များ ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union- MPU)** ကို ၂၂-၃-၂၀၁၄ ရက်နေ့က ဖွဲ့စည်းထားခဲ့ပြီး လွှတ်တော်ဆိုင်ရာကိစ္စများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ သတင်းအချက်အလက်နှင့် အတွေ့အကြုံဖလှယ်မှု နှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးရပ်နားသည့် ကာလများတွင် နိုင်ငံတကာလွှတ်တော်များသို့ ယင်းတို့၏ ဖိတ်ကြားချက်များအရ အပြန်အလှန်ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးများသွားရောက်ပြီး လွှတ်တော်များ အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။

လွှတ်တော်သက်တမ်း သုံးနှစ်ကျော်ကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့်လည်းကောင်း ဦးဆောင်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ချစ်ကြည်ရေးခရီးစဉ်နှင့် ညီလာခံတက်ရောက်မှု(၁၆)ကြိမ်သွားရောက်ခဲ့ရာ နိုင်ငံပေါင်း ၂၆ နိုင်ငံသို့ ရောက်ရှိလေ့လာနိုင်ခဲ့ပါတယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၉၈ ဦးမှာ ပြည်ပလေ့လာရေး၊ သင်တန်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ပြီးဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတကာပါလီမန်များသမဂ္ဂ (International Parliamentary Union-IPU)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ အာဆီယံပါလီမန်များ ဆိုင်ရာညီလာခံ(ASEAN Inter Parliamentary Assembly - AIPA)အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိရာ အတွေ့အကြုံမရှိသေးသဖြင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိခဲ့သော်လည်း အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ ကူညီဆောင်ရွက်မှုဖြင့် မြို့နယ်တိုင်းတွင် အမှန်တကယ် ဆောင်ရွက်လိုသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနာဂတ်အစီအမံနှင့် နည်းလမ်းများမှာ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီကျင့်စဉ်နှင့်လျော်ညီစွာ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲများ မထားရှိဘဲ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ရှေးရှုပြီး တပ်မတော်သား ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆောင်ရွက်ရန်၊ မဏ္ဍိုင်ကြီးသုံးရပ် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းပြီး ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ တိုးမြှင့်ဆောင်ရွက်ရန်၊ လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အကြား ဆက်သွယ်ဆက်ဆံမှုကို ယခုထက်ပိုမိုချောမွေ့စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ဆောင်ပေးရန်။

လွှတ်တော်လုပ်ငန်းများနှင့် ကော်မတီလုပ်ငန်းများကို ထိရောက်စွာပံ့ပိုးပေးနိုင်မည့် အရည်အသွေးများ ရရှိစေရန်အတွက် လိုအပ်သောအရင်းအမြစ်များ စုဆောင်းဖြည့်ဆည်းကာ ဝန်ထမ်းများအား အလုပ်ခွင်သင်တန်းများ(on the job training)နှင့် အရည်အသွေးမြှင့်သင်တန်းများ (capacity building) တိုးချဲ့ဖွင့်လှစ်လေ့ကျင့်ပေးရန်၊ လွှတ်တော်၏ သတင်းဆောင်ရွက်ချက်များကို ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် ICT ကို အခြေခံသော လူထုနှင့် ထိတွေ့ဆက်ဆံနိုင်မည့် လွှတ်တော် စာမျက်နှာကို သီးသန့်ဖွင့်လှစ်ပြီး ပြည့်စုံစွာ ဖော်ပြပေးခြင်း၊ လွှတ်တော်နေ့စဉ်သတင်းလွှာများ ထုတ်ဝေပေးရန်၊ Website/e-newsletter များဖြင့် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးရန်၊ သတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲများပြုလုပ်ပြီး သတင်းထုတ်ပြန်ပေးရန်။

ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအကြား အပြန်အလှန်ဆက်သွယ်မှု ပိုပြင်စွာတိုးမြှင့်ဆောင်ရွက်ပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့(MPU)၏ လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ နိုင်ငံတကာလွှတ်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်ပိုမို၍ တိုးမြှင့်ဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွံ့ဖြိုးရေးရန်ပုံငွေ တိုးတက်ရရှိအောင် ဆောင်ရွက်ပြီး ဒေသခံပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့ဆောင်ရွက်ရန်။

လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်သဖြင့် အနာဂတ်တွင် ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ အချင်းချင်းညီညွတ်စွာ ညှိနှိုင်းဆောင်ရွက်ကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဦးစားပေး ဆုံးဖြတ်ဆောင်ရွက်ကြရန်၊ ထို့အတူ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့တို့နှင့်လည်း အပြန်အလှန်ညှိနှိုင်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဦးစားပေးပြီး ဆုံးဖြတ်ဆောင်ရွက်ကြရန် တို့ဖြစ်ပါတယ်။

တောင်ငူမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ယာဉ်များ ပြိုင်ဆိုင်မှုများလာ

တောင်ငူ အောက်တိုဘာ ၃၀

တောင်ငူမြို့ တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကြီးကို အစဉ်အလာမပျက် ကျင်းပလာသည်မှာ ယခုနှစ်ဆိုလျှင် (၈၃)ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ မဟာမုနိကေလဇာတီဘုရားကြီးမှ အောက်တိုဘာ ၂၉၊ ၃၀၊ ၃၁ ရက်တို့တွင် ရပ်ကွက်နှင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများက မဲပေါက်သော ဘုရားအမှတ်စဉ်အလိုက်ပင့်ဆောင်ပြီး ယာယီစင်ကျောင်းတော်အတွင်း သတ်မှတ်နေရာများ၌ ခမ်းနားစွာစနစ်တကျ ပူဇော်ထားရှိပြီး နိုဝင်ဘာ ၄ ရက်ညနေ ၄ နာရီမှစတင်၍ တောင်ငူမြို့အတွင်းသို့ ဒေသစာရီကြွချီလှည့်လည် အပူဇော်ခံရန် အလှပြပူဇော်ယာဉ်များကို ဘုရားသမိုင်းဖော်ကျူး၍ သူထက်ဝါအပြိုင် အဆိုင် ပြင်ဆင်နေကြပြီဖြစ်သည်။ ယခုနှစ်တွင် ဘုရားပူဇော်ယာဉ်များကို အကဲဖြတ်အမှတ်ပေးစည်းမျဉ်းနှင့်အညီ အမှတ်ပေးနိုင်ရန် ဒိုင်အဖွဲ့ကိုလည်း စနစ်တကျကျွမ်းကျင်သော ပညာရှင်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်လည်ပင့်ဆောင် ပူဇော်ရာတွင် ကြည်ညိုဖွယ်ရာပင့်ဆောင်မှု၊ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှု၊ သိုက်သိုက်ဝန်းဝန်း အဖွဲ့ဝင်များ လိုက်ပါပြီး အတီးအမှုတ်ဖြင့် ဆောင်ရွက်မှု၊ သတ်မှတ်နေရာများတွင် ခမ်းနားစွာ စနစ်တကျပူဇော်မှု၊ ဘုရားသမိုင်းဖော်ကျူးမှု၊ ပွဲတော်နှင့် အညီနောက်ခံကားချပ်များပြင်ဆင်ထားမှု၊ ဓမ္မပူဇာရွတ်ဖတ်ရာတွင် အသံကောင်းခြင်း၊ ဆွဲဆောင်မှုရှိခြင်းတို့အပေါ် မူတည်၍ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဒိုင်အဖွဲ့က အမှတ်ပေးသွားမည်ဖြစ်ပြီး ပထမဆု သိန်း ၅၀ ၊ ဒုတိယဆု သိန်း ၃၀၊ တတိယဆု သိန်း ၂၀ နှင့် နှစ်သိမ့်ဆု ၁၀ သိန်း ငါးဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

ပြည်ထောင်စုဝန်ကြီး ဒုတိယပို့လ်ချုပ်ကြီး သက်နိုင်ဝင်းအား ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယပို့လ်ချုပ်ကြီး သက်နိုင်ဝင်းအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဌာနေကိုယ်စားလှယ် Mr.Giusppe DE VINCENTIIS နှင့် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. James Lynch တို့သည် အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီက အဆိုပါဝန်ကြီးဌာန ည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် UNHCR တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

အလားတူပြည်ထောင်စုဝန်ကြီးအား ညနေ ၄ နာရီတွင် ကုလသမဂ္ဂလူအခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Ms. Matilda Bogner နှင့် အဖွဲ့က တွေ့ဆုံ၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံ မဟာဗျူဟာစီမံကိန်း လုပ်ငန်းစီမံချက် (Action Plan) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပို့လ်ချုပ်တင်အောင်ချစ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၃၀

၂၀၁၄ ခုနှစ် အဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှဒုတိယဌာနမှူး ဦးမင်းအောင်က ၂၀၁၄ ခုနှစ် အဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ပံ့ပိုးကူညီကျင်းပပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အုပ်ချုပ်ရေးမှူး၊ ၂၀၁၄ ခုနှစ် အဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ Tournament Director ဒုတိယပို့လ်မှူးကြီး တိုးမင်းကျော် (ငြိမ်း)တို့က ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စာနယ်ဇင်းများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါတင်းနစ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစား မောင်မယ်များအား နေထိုင်ရေးနှင့် စားသောက်ရေးအစီအစဉ်ကိုမြန်မာ နိုင်ငံတင်းနစ်အဖွဲ့ချုပ်က ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်ကွင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ကလပ်အသင်းများမှ အုပ်ချုပ်သူများ(ကလပ်အသင်း တစ်သင်းမှ အုပ်ချုပ်သူ သို့မဟုတ် နည်းပြတစ်ဦး) တက်ရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

ပြည်တွင်းသတင်း

OHCHR နဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ မြန်မာနိုင်ငံမှာ နိုင်ငံရေးဆန္ဒရှိပြီး လက်တွေ့ဆောင်ရွက်မှုလည်း များစွာရှိပါတယ်။ ရုံးခွဲဖွင့်ဖို့ကိုလည်း နှစ်ပက်အကြားဆွေးနွေးမှုများ ဆက်လက်ရှိနေပြီး ရပ်စဲမှုလုံးဝမရှိပါဘူး။

ဦးသန့်ကျော်
ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

မြန်မာနိုင်ငံတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ဖွင့်လှစ်ရန် ကိစ္စနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား မေးမြန်းခဲ့ရာ မေးမြန်းဖြေကြားချက်များကို ပြန်လည်တင်ပြလိုက်ပါသည်။

မေး။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) ကိုယ်စားလှယ်အဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကိုလာပြီး မြန်မာနိုင်ငံတွင် ၄င်းတို့ရုံး ဖွင့်ဖို့ကိစ္စနဲ့ပတ်သက်တဲ့ နားလည်မှုစာချုပ်လွှာလက်မှတ်ရေးထိုးဖို့ ဆွေးနွေးနေတယ်လို့လည်း ကြားရပါတယ်။ ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ဟုတ်ပါတယ်။ မနေ့က အောက်တိုဘာ ၂၉ ရက်နေ့မှာ ဗန်ကောက်မှာ ရုံးစိုက်တဲ့ OHCHR အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Ms. Matilda Bogner နဲ့ ၄င်းရဲ့ လက်ထောက်တို့ လာရောက်တွေ့ဆုံပြီး နားလည်မှုစာချွန်လွှာကိစ္စ ဆွေးနွေးပါတယ်။ ၂၀၁၂ ခုနှစ်က စပြီးတော့ ဒီကိစ္စအတွက် နှစ်ဖက်အကြား စတင်ထိတွေ့ဆွေးနွေးခဲ့ပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးလို့ခေါ်တဲ့ OHCHR ဟာ ၁၉၄၈ ခုနှစ် လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများကို မြှင့်တင်ကာကွယ်ရေးအတွက် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလမှာ ကုလသမဂ္ဂ အထွေထွေညီလာခံက ဖွဲ့စည်းပေးခဲ့တာဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ ဂျီနီဗာမြို့မှာရှိတဲ့ လူ့အခွင့်အရေးကောင်စီကိုလည်း ပံ့ပိုးဆောင်ရွက်ပါတယ်။ မိမိတို့ မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးအခြေအနေတွေ ပိုမိုတိုးမြှင့်အောင် ဆောင်ရွက်နိုင်ဖို့အတွက် OHCHR ရုံးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိနေပါတယ်။

မေး။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဖို့ ဆောင်ရွက်နေတဲ့အခြေအနေကို သိလိုပါတယ်။

ဖြေ။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ မြန်မာအစိုးရက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးခွဲကို မြန်မာနိုင်ငံမှာ စတင်ဖွင့်လှစ်ဖို့ လိုအပ်တဲ့ဆွေးနွေးညှိနှိုင်းမှုများကို ဆောင်ရွက်သွားမယ်လို့ မိမိတို့ဆန္ဒကို ထုတ်ဖော်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးမြှင့်တင်ရန် မိမိ၏ဆန္ဒအလျောက် (Voluntary) ထုတ်ဖော်ကြေညာခြင်းဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ လူသားချင်းစာနာမှု အကူအညီပေးတဲ့ ကိစ္စများကို နိုင်ငံတကာအဖွဲ့အစည်းအများစုက ဆောင်ရွက်ကြတာဖြစ်သော်လည်း OHCHR ကတော့ လူ့အခွင့်အရေးမြှင့်တင်ရေးဆောင်ရွက်နေတဲ့ တစ်ခုတည်းသောအဖွဲ့အစည်း ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ OHCHR ရုံးခွဲဖွင့်ထားတဲ့နိုင်ငံ ၁၃ နိုင်ငံပဲရှိပါတယ်။ ဒါပေမယ့် အဲဒီနိုင်ငံတွေဟာ မြန်မာနိုင်ငံလို မိမိဆန္ဒအလျောက် အဆိုပြုဖွင့်လှစ်ခဲ့တာမဟုတ်ပါဘူး။ ဒါဟာ ထူးခြားချက်ဖြစ်ပါတယ်။ ဒီလိုဆန္ဒအလျောက် အဆိုပြုတာကိုက မြန်မာနိုင်ငံအစိုးရရဲ့ လူ့အခွင့်အရေးမြှင့်တင်မှုအပေါ် အလေးအနက်ထားမှုကို ပြသလိုက်တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ဆန်းမှာ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး မဒမ်ဗီလေးထံမှ နားလည်မှုစာချွန်လွှာ (MoU) မူကြမ်းကို ရရှိခဲ့ပါတယ်။ မူကြမ်းရပြီး နှစ်ဖက်အကြား မူကြမ်းအပေါ် အပြန်အလှန် ထိတွေ့ဆွေးနွေးခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနက မိမိတို့နိုင်ငံ၏ အခြေအနေနဲ့ ကိုက်ညီမှုရှိတဲ့ နားလည်မှုစာချွန်လွှာမူကြမ်းကို ပြင်ဆင်ပြုစုပြီး OHCHR ဘက်သို့ တရားဝင် ပြန်ပေးခဲ့ပါတယ်။ လောလောဆယ် ဒီမူကြမ်းနှစ်ခုအပေါ် ဗဟိုပြုပြီး နှစ်ဖက်အကြား ဆက်ပြီးညှိနှိုင်းနေပါတယ်။

မေး။ မြန်မာဘက်က ပြန်ပြီးအဆိုပြုတဲ့ မူကြမ်းနဲ့ပတ်သက်ပြီး ရှင်းပြပေးလို့ရမလား။

ဖြေ။ နိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်အောင် မြန်မာအစိုးရက ဆောင်ရွက်နေခဲ့ပါတယ်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုလည်း ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပေးပြီး၊ ၎င်းကော်မရှင်က လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ကာကွယ်ရေးကို လွတ်လပ်မှုအခြေခံဖြင့် ဆောင်ရွက်နေပါတယ်။ ထို့အတူ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာတင်သွင်းသူကိုလည်း နိုင်ငံအတွင်း လာရောက်ခွင့်ပြုပြီး ၎င်းတို့သွားလိုသည့်နေရာများကို သွားခွင့်ပေးခြင်း၊ တွေ့လိုသူများကို တွေ့ခွင့်ပေး

ဦးသန့်ကျော်
ဒုတိယဝန်ကြီး၊
နိုင်ငံခြားရေး
ဝန်ကြီးဌာန

ခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်နေပါတယ်။ ၎င်းရဲ့အစီရင်ခံစာများကို ကုလသမဂ္ဂအထွေထွေညီလာခံနဲ့ လူ့အခွင့်အရေးကောင်စီမှာ OHCHR အကူအညီနဲ့ တင်သွင်းနေတယ်လို့ သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ OHCHR နဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ နည်းပညာပိုင်းပံ့ပိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးဆောင်ရွက်ဖို့ မြန်မာဘက်က မူကြမ်းမှာ ပြန်လည်အဆိုပြုထားခဲ့ပါတယ်။ ဆိုလိုတာကတော့ လူ့အခွင့်အရေးမြှင့်တင်ဖို့အတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး (Technical Assistance)နဲ့ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးဆိုင်ရာ အဓိကကွန်ဗင်းရှင်းတွေမှာ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် လိုအပ်နေတဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) မှာ OHCHR နဲ့ အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီး ၎င်းတို့ထံမှ အကူအညီရရှိလိုခြင်းဖြစ်ပါတယ်။

မေး။ မြန်မာဘက်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်တွေမှာ လက်မှတ်ရေးထိုးဖို့ ပြင်နေတယ်လို့ ဒုတိယဝန်ကြီးက ပြောပါတယ်။ ဘယ်လိုစာချုပ်တွေကို လက်မှတ်ရေးထိုးဖို့ ပြင်နေတယ်ဆိုတာကို ပြောပြပေးပါ။

ဖြေ။ မြန်မာနိုင်ငံက လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ အဓိကနိုင်ငံတကာစာချုပ်သုံးခုရဲ့ နောက်ဆက်တွဲအခြေပြစာချုပ်တစ်ခုကို လောလောဆယ် ပါဝင်ချုပ်ဆိုထားပြီး ဖြစ်ပါတယ်။ အခုအခါမှာ နောက်ထပ်အဓိကစာချုပ်နှစ်ခုနဲ့ နောက်ဆက်တွဲ အခြေပြစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးဖို့ကြိုးစားနေပါတယ်။ အဲ့ဒီစာချုပ်တွေကတော့ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်(International Covenant on Economic, Social and Cultural Rights) ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသောရက်စက်ကြမ်းကြုတ်လူမဆန်သည့် (သို့မဟုတ်)လူသိက္ခာညှိုးနွမ်းစေသည့် ပြုကျင့်မှု(သို့မဟုတ်) ပြစ်ဒဏ်ပေးမှုတို့အားဆန့်ကျင်သည့် ကွန်ဗင်းရှင်း (Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment) နဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲစာချုပ်ဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်မှုဆိုင်ရာ သဘောတူစာချုပ် Optional Protocol to the Convention on the Rights of the Child on the involvement of children in armed conflict)တို့ဖြစ်ပါတယ်။ ဒီသဘောတူစာချုပ်တွေကို ချုပ်ဆိုဖို့အတွက် အစိုးရဌာနအသီးသီးမှာရှိတဲ့ဝန်ထမ်းများကို အသိပညာတိုးမြှင့်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို OHCHR က လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပါဝင်ပေးအပ်မှုရှိပါတယ်။ အလားတူ အခြားအဖွဲ့အစည်းများနဲ့ နိုင်ငံများကလည်း လူ့အခွင့်အရေးကိစ္စနဲ့ ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲများ လာရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လိုရင်းပြောရရင် လူ့အခွင့်အရေးဆိုင်ရာ အဓိကနိုင်ငံတကာစာချုပ်များမှာ မြန်မာနိုင်ငံပါဝင်ချုပ်ဆိုရေးအတွက် မြန်မာနိုင်ငံဟာ OHCHR နဲ့လည်းကောင်း၊ အခြားအဖွဲ့အစည်းများနဲ့လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ဒီကိစ္စအပြင် မြန်မာနဲ့ OHCHR တို့ အခြားဘယ်လို ပူးပေါင်းဆောင်ရွက်မှုများရှိပါသလဲ။ ပူးပေါင်းဆောင်ရွက်ရေး ရှေ့လုပ်ငန်းစဉ်များ ဘယ်လိုရှိပါသလဲ။

ဖြေ။ ရန်ကုန်မှာ OHCHR ဌာနေကိုယ်စားလှယ်ရုံးခွဲ ဖွင့်ဖို့ညှိနှိုင်းဆဲဖြစ်သော်လည်း OHCHR အဖွဲ့အစည်းက ကိုယ်စားလှယ်စုစုပေါင်း ငါးဦးဟာရန်ကုန်နဲ့ ရခိုင်ပြည်နယ်တို့မှာ ပုံမှန်သွားရောက်ပြီး လူ့အခွင့်အရေးကိစ္စများအပေါ် အချက်အလက်ကောက်ယူရန် လုပ်ငန်းတွေကိုလုပ်နေဖို့ မြန်မာအစိုးရက ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ လူသားချင်းစာနာမှုအကူအညီပေးတဲ့ကိစ္စများကို နိုင်ငံတကာအဖွဲ့အစည်းအများစုက ဆောင်ရွက်ကြတာဖြစ်သော်လည်း OHCHR ကတော့ လူ့အခွင့်အရေး မြှင့်တင်ရေးဆောင်ရွက်နေတဲ့ တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပြည်ဝင်ဗီဇာရယူပြီး ပုံမှန်လာရောက်နေထိုင်လုပ်ကိုင်နေတဲ့ဗန်ကောက်မြို့အခြေစိုက် OHCHR အဖွဲ့ရုံးက ကိုယ်စားလှယ်များကတော့ Mr.Daniel Collinge၊ Ms.Sarah Toner၊ Ms.Elaine Chan၊ Ms.Raja Nor Azwa Petra နဲ့ Ms. Maltida Bogner တို့ဖြစ်ပါတယ်။ OHCHR နဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ မြန်မာနိုင်ငံမှာ နိုင်ငံရေးဆန္ဒရှိပြီး လက်တွေ့ဆောင်ရွက်မှုလည်း များစွာရှိပါတယ်။ ရုံးခွဲဖွင့်ဖို့ကိုလည်း နှစ်ဖက်အကြား ဆွေးနွေးမှုများ ဆက်လက်ရှိနေပြီး ရပ်စဲမှုလုံးဝမရှိပါဘူး။ နှစ်ဖက်အကြားမှာရှိတဲ့ နားလည်မှုစာချွန်လွှာမူကြမ်းတွေကို အပြန်အလှန် ကျေကျေလည်လည်ဆွေးနွေးပြီး နှစ်ဖက်စလုံးက လက်ခံနိုင်တဲ့မူကြမ်းဖြစ်လာဖို့ ကြိုးစားနေခဲ့ကြဖို့ဖြစ်ပါတယ်။

မေး။ ဒါဆိုရင် ရန်ကုန် OHCHR non-Resident Office အနေအထားမျိုးနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိတယ်လို့ ဆိုနိုင်ပါသလား။

ဖြေ။ အဲဒီလိုလည်း ယူဆလို့ရပါတယ်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီး ဖြစ်သည့် ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက်(၁)၊ နယ်မြေ(၂)၊ ဗျူဟာလမ်း၊ အမှတ်(၃၆)တွင် ပါတီရုံးချုပ်တည်ရှိသော **"ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မစ္စ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

"ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၏ အလံပုံစံ



"ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နန်းမြို့ ရိုးအရပ်လေးမျက်နှာ ပြည်တွင်းပြည်ပခရီးသွားများခံစားနိုင်ရန် ညအချိန်မီးထွန်း

မန္တလေး အောက်တိုဘာ ၃၀

ရှေးဟောင်းအမွေအနှစ်အထင်ကရဖြစ်သည့် မန္တလေးမြို့ရိုး အရပ်လေးမျက်နှာတစ်လျှောက်မှ ပြဿဒ်၊ မုခ်ဦးများကိုပြည်တွင်းပြည်ပဧည့်သည်တော်များ ညအချိန်တွင် ရှုမဝဖြင့်လှပစွာ ခံစားကြည့်ရှုနိုင်ရန်အတွက် မြို့ရိုးလေးဘက်မီးထွန်းခြင်းလုပ်ငန်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်ငွေကျပ် သိန်း ၃၈၈၀ ဖြင့် အိတ်ဖွင့်တင်ဒါစနစ်အရ DREAM Light Technology ကုမ္ပဏီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာန လျှပ်စစ်အဖွဲ့တို့က LED ဆလိုက်မီး 10 to 12 LUX မီးအလင်းရောင် ထွန်းညှိတပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပဲစေ့ခြောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှု ညောင်ခြေထောက်ကျေးရွာနေသူများ စိုးရိမ်နေ

မြန်အောင် အောက်တိုဘာ ၃၀

ရောဝတီတိုင်းဒေသကြီး စမ်းရွာကြီးကျေးရွာအုပ်စု ညောင်ခြေထောက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းအနီး ဖြတ်သန်းစီးဆင်းသော ပဲစေ့ချောင်းမှာ ရေတိုက်စားကာ ကမ်းပါးပြိုကျမှုကြောင့် ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ စိုးရိမ်နေရသည်ဟု ညောင်ခြေထောက်ကျေးရွာနေ အ. မ. က(မူလွန်) ညောင်ခြေထောက် မိဘဆရာအသင်းမှ ဦးမျိုးမင်းထွန်းက ပြောပြသည်။

စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းအနီး ဖြတ်သန်းသွားသော ပဲစေ့ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျမှုသည် ဘုန်းတော်ကြီးကျောင်း၏ သိမ်အနီးရောက်ရှိနေပြီး ဘုန်းတော်ကြီးကျောင်း၏ အုတ်တံတိုင်းကိုလည်း နောက်ဆုတ်ပေးထားရကြောင်း၊ လာမည့်နှစ်တွင် ကမ်းပါးပြိုကျမှုကိုမကာကွယ်နိုင်ပါက ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းအတွက်ပါ စိုးရိမ်နေရကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ကမ်းပါးပြိုကျမှုသည် ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလများထဲက ပြိုကျမှုများဖြစ်ခဲ့ပြီး ရပ်ရွာမှ နှစ်စဉ်ဆိုသလို ပြုပြင်ခဲ့ရကြောင်း၊ ပြီးခဲ့သည့် မိုးတွင်းကာလပြိုကျမှုသည် အဆိုးရွားဆုံးဖြစ်ပြီး လမ်းပါပျက်စီးသွားသဖြင့် ကျေးရွာနေပြည်သူများ၏အားဖြင့် ပြုပြင်ထားရကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

ညောင်ခြေထောက်ကျေးရွာနေ ကျောင်းသားမိဘတစ်ဦးက "မနှစ်က မိုးတွင်းကချောင်းရေလျှံတာ ကျောင်းကို တစ်ပတ်လောက်ပိတ်ထားရတယ်၊ ကိုရင်တွေလည်း ရွာထဲကိုဆွမ်းခံထွက်လို့မရတော့ အခက်အခဲတော်တော် ဖြစ်ခဲ့ရတယ်"လို့ ပြောပြသည်။

ရေကြီးကမ်းပြိုမှု အဆိုးဆုံးနှစ်မှာ ၂၀၁၀ပြည့်နှစ်တွင် အဆိုးရွားဆုံးဖြစ်ပြီးနောက်ပိုင်းတွင်လည်း ဆက်လက်ပြိုကျနေသဖြင့် ဒေသခံများကလည်း တတ်နိုင်သရွေ့ လုပ်အားဖြင့်လုပ်သော်လည်း မနိုင်ဘဲဖြစ်နေရကြောင်း၊ အ. မ. က(မူလွန်) ညောင်ခြေထောက်သို့ စမ်းရွာ၊ သပြေကုန်း၊ ဥယျာဉ်ကွင်း၊ လဲခုံကြီးနှင့် ညောင်ခြေထောက်ကျေးရွာတို့မှ ကျောင်းသားများ လာရောက် ကျောင်းတက်နေရပြီး ဒေသခံများအနေဖြင့် ကမ်းပါးပြိုကျမှုကို ကိုယ့်အားကိုယ်ကိုး လုပ်ဆောင်ရန် မဖြစ်နိုင်ခြင်းကြောင့်တာဝန်ရှိသူများမှ စက်ယန္တရားအကူအညီဖြင့် ကူညီပေးစေချင်ကြောင်းလည်း ညောင်ခြေထောက်ကျေးရွာမှ ဒေသခံများက ပြော ပြပါသည်။ **နေဝင်းဇော်(မြန်အောင်)**

ကြေးမုံ / မြန်မာ့အလင်းသတင်းထောက် နိုင်နိုင်ထွန်း(ကျုံဒိုး)၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ ကရင်ပြည်နယ် သတင်းစာဆရာအသင်း အလုပ်အမှုဆောင်ကွယ်လွန်ခြင်းအတွက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ကရင်ပြည်နယ်)ဥက္ကဋ္ဌ ဦးတင်ဝင်းလှိုင်(ကော့ကရိတ်)၊ ပြည်နယ်အလုပ်အမှုဆောင် ထွန်းထွန်းထွေး (ဘားအံ)နှင့်အဖွဲ့က ကျန်ရစ်သူ မိသားစုတို့ကို အောက်တိုဘာ ၂၅ ရက် ဈာပနကိစ္စအတွက် ငွေကျပ် ငါးသောင်း၊ ရက်လည်ဆွမ်းကျွေးအတွက် ငွေကျပ် ခုနစ်သောင်း၊ ကရင်ပြည်နယ် ရွှေထောင့်သတင်းမီဒီယာအဖွဲ့ ဘားအံခရိုင်ဥက္ကဋ္ဌ ဦးညီညီနှင့် အဖွဲ့တို့က ငွေကျပ်နှစ်သောင်း စုစုပေါင်းငွေကျပ် တစ်သိန်းလေးသောင်းကို ကရင်ပြည်နယ် သတင်းမီဒီယာအဖွဲ့များက ထောက်ပံ့ပေးအပ်စဉ်။

ထွန်းထွန်းထွေး (ဘားအံ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မက်မန်းမြို့တွင် စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် စာအုပ်ပြပွဲကျင်းပ

ကျိုင်းတုံ အောက်တိုဘာ ၃၀

ပြည်သူကိုဗဟိုပြုသော ပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မက်မန်းခရိုင်ရုံးအနေဖြင့် အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မက်မန်းမြို့ အထကတွင် ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတတိုးပွား စေရန်ရည်ရွယ်လျက် စာအုပ်ပြပွဲကျင်းပသည်။

မက်မန်းမြို့သည် ဝေးလံသည့် ဒေသဖြစ်သည့်အတွက် တိုင်းရင်းသားကျောင်းသားကျောင်းသူများအတွက် တန်ဖိုးရှိသောပြပွဲဖြစ်ပြီး စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြသည်။ "အခုလိုစာအုပ်ပြပွဲများ လာရောက်ပြုလုပ်ပေးလို့ စာအုပ်မျိုးစုံကြည့်ရှုခွင့်ရပြီး ဗဟုသုတများ သိမှတ်ရပါကြောင်း"ဟု နဝမတန်း ကျောင်းသူတစ်ဦးက ပြောသည်။ ယခုအခါတွင်စာအုပ်ပြပွဲကို မက်မန်းခရိုင် ပြန်/ဆက်မှ အပတ်စဉ်ပြုလုပ်ပေးလျက်ရှိပြီး ကျောင်းသားကျောင်းသူများ၊ အခြေခံစာဖတ်စွမ်းအားတိုးတက်လာသည့်အပြင် ဗဟုသုတများရရှိ၍ ကျေးဇူးတင်ကြောင်း ဆရာမတစ်ဦးက ပြောသည်။

မောင်မောင်နိုင် (iprd)

လွိုင်လင်မြို့နယ်အတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများဖျက်ဆီး

လွိုင်လင် အောက်တိုဘာ ၃၀

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ဟွေတောက်ကျေးရွာအုပ်စု လုံတာကျေးရွာနှင့် ကျိုင်းခမ်းကျေးရွာတို့တွင် တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းဧက ၂၀ ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်အောင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူ ၆၅ ဦးတို့သည် အောက်တိုဘာ ၂၉ ရက်က သွားရောက် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အသိပညာပေး

ဆက်လက်၍ မြို့နယ်ရဲမှူး ရဲမှူးခင်အောင်နှင့် အဖွဲ့ဝင်များသည် ယင်းနေ့ ညနေ ၄ နာရီခွဲက ကျိုင်းခမ်းကျေးရွာရှိ ဦးတပိုး၏ နေအိမ်တွင် ဒေသခံတောင်သူ ၃၀ တို့ကို ဘိန်းမစိုက်ပျိုးရန်၊ ဘိန်းစိုက်ပျိုးမှုပပျောက်စေရန်၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးကြရန်၊ ဘိန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မည့် အခြေအနေများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်းသွားလာလျက်ရှိသည့် ကိုယ်ပိုင်ယာဉ်များနှင့် အငှားယာဉ်များသည် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်း၏ယာဘက်အစွန် ယာဉ်ကြော(ဘတ်စ်ကား ယာဉ်ကြော)မှ မောင်းနှင်သွားလာခြင်းမပြုရန်နှင့် လက်ယာဘက်သို့ကွေ့လိုမှသာဝင်ရောက် မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအကြောင်း ပညာပေးဟောပြော

ရွှေဘို အောက်တိုဘာ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးမျှားကျင်းပသည့် မြန်မာပြည်လုံးဆိုင်ရာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအကြောင်း သိမှတ်ဖွယ်ရာ ဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ရွှေဘိမြို့ အထက(၂) ရွှေရတုခန်းမဆောင်၌ ကျင်းပရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို အထက(၂) ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာကြီးဦးဌေးကိုက အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးခမ်လျန်စွမ်းက စားသုံးသူရေးရာနှင့်ပတ်သက် ပြီးပညာပေးဟောပြောသည်။ ဆက်လက်၍ စာရေးဆရာ မြို့နယ်သတင်းထောက် ကျော်ဇော(လှသိပ္ပံ၊ ရွှေဘို) က ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ကျော်သူရ

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ကျောက်တံခါး အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ အဝေယာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွှန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ပဲခူးမြို့အမှတ် (၃) လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်လှဖုန်းက လူမှောင်ခိုလူကုန်ကူးမှုပပျောက်ဖို့ အတူတကွပူးပေါင်း တိုက်ဖျက်ကြပါစို့ ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူးသူများ အသုံးပြုသည့်နည်းလမ်းများ၊ လူ ကုန်ကူးမခံရစေရန် သတိပြုရမည့်အချက်များ၊ သတိပြုရမည့်လူများ၊ လူကုန်ကူးမှုသည် ထောင်ဒဏ်တစ်သက်ကျခံနိုင်သည့် ကြီးလေးသည့် ပြစ်မှုဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တောကျွဲအင်းနယ်မြေစခန်းမှူး ရဲအုပ်အောင်လင်းက ကျန်းမာပျော်ရွှင်မှုဃဝစိုက်ပျိုးခြင်း၊ ဘဝဖြစ်လာဖို့ တစ်ကမ္ဘာလုံးဝိုင်းဝန်းဆောင်ရွက်စို့ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးသိကောင်းစရာများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ရှော့ခ်တိုက်ငါးဖမ်းသူများကို အမှုဖွင့်အရေးယူ

ရေတာရှည် အောက်တိုဘာ ၃၀

တရားမဝင် နည်းလမ်းများအသုံးပြု ငါးဖမ်းဆီးခြင်းများကို လျော့နည်းပပျောက်ရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းအရေးယူဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တရားမဝင် ရှော့ခ်တိုက်ငါးဖမ်းသူနှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးသက်အေးနှင့် တာဝန်ရှိသူများ၊ ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်-မန္တလေးကားလမ်း ၀/ယာတစ်လျှောက် တရားမဝင်ငါးဖမ်းဆီးသူများကို အရေးယူဆောင်ရွက်ခဲ့ရာ သပြေတန်းကျေးရွာအနီး ရေအိုင်ထဲတွင် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးနေသော ဒိန်းဂျား(၂၆နှစ်) သပြေတန်းကျေးရွာနေသူကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ ရှာဖွေခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်း ကုန်းကြီးလမ်းဆုံအနီး တံတားအနောက်ဘက်တွင် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးနေသည့် ဖိုးလုံးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့၍ ရေတာရှည်မြို့ရဲစခန်းနှင့် ဆွာနယ်မြေရဲစခန်းတို့တွင် ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၅၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သက်ငယ် ရက် ၉၀ စပါးမျိုး စိုက်ပျိုးတောင်သူများအတွက် အထွက်နှုန်းတိုး

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေ တောင်သူလယ်သမားများဖြစ်ကြပြီး ၎င်းတို့၏ လူမှုဘဝအဆင့်အတန်းမြင့်မားလာစေရန် လက်မှုလယ်ယာစနစ်မှ စက်မှုလက်ယာစနစ်သို့ ကူးပြောင်းခြင်း၊ စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းစသည်တို့ကို အဆင့်ဆင့် ကူးပြောင်းဆောင်ရွက်လာ လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒေသခံတောင်သူအချို့တို့သည်လည်း ယခင် စိုက်နည်းစနစ်ဟောင်းများအစား ခေတ်မီသိပ္ပံနည်းကျဖြင့် စိုက်ပျိုးခြင်း၊ လယ်မြေများကို ဆည်ရေသောက်စနစ်များအသုံးပြု၍ ယခင်သက်တမ်းရင့်စပါးမျိုးများ နေရာများတွင် သက်ငယ်စပါးမျိုးဖြစ်သည့် ရက် (၉၀) စပါးမျိုးများကို အစားထိုးရွေးချယ်စိုက်ပျိုးခြင်းများ ပြောင်းလဲပြုလုပ်လာကြသဖြင့် စပါးများ အထွက်နှုန်းကောင်းပြီး အဆင်ပြေကြကြောင်း သိရသည်။

ရက်(၉၀) စပါးမျိုးနှင့် ပတ်သက်ပြီး သိလို၍ ယင်းစပါးမျိုး အများအပြားစိုက်ပျိုးသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မအူတောအုပ်စု စိမ်းစားပင်ကျေးရွာသို့ သွားရောက်လေ့လာခဲ့သည်။ ယင်းကျေးရွာအနီး ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းမဘေးတွင် ရက်(၉၀) စပါးမျိုးများ ရိတ်သိမ်းနေမှုကို တွေ့ရသဖြင့် မေးမြန်းကြည့်ရာ "ကျွန်တော်တို့ အခုရိတ်သိမ်းနေတာ ရက်(၉၀) စပါးမျိုးဖြစ်ပါတယ်။ ရက်(၉၀) ဆိုတဲ့ အတိုင်းပဲ စတင်စိုက်ပျိုးတဲ့ရက်က နေပြီး ရက်ပေါင်း(၉၀) ပြည့်တဲ့နေ့ ရိတ်သိမ်းရတယ်။ ဒီစပါးမျိုးပေါ်လာတဲ့နောက်ပိုင်း အရင်စိုက်ပျိုးနေတဲ့ သက်ကြီးစပါးမျိုးတွေ မစိုက်ပျိုး သလောက်ဖြစ်ကုန်ပြီ။ ရက်တို့စပါးမျိုးလည်းဖြစ်တဲ့အပြင် အထွက်နှုန်းကလည်းကောင်းတော့ ဒီဒေသကလူအများစုက ဒီရက် (၉၀) စပါးမျိုးကိုပဲအားထား စိုက်ပျိုးလာကြပါတယ်" ဟု အဆိုပါကျေးရွာမှ ဦးကျော်ထွန်းဦးက ခွေးသီးခွေးလုံးများနှင့်အတူ စပါးရိတ်သိမ်းခြင်းနေရင်း ပြောပြသည်။

အဆိုပါ စပါးမျိုးသည် တစ်ကေလျှင် စပါးတင်း ၁၀၀ ထက် မနည်းထွက်ရှိကြောင်း၊ ၎င်းအနေဖြင့် လယ်မြေငါးကေကျော် စိုက်ပျိုးထားပြီး ယခုအခါ စတင်ရိတ်သိမ်းနေကြောင်း၊ ယင်းစပါးမျိုးကို စိမ်းစားပင်ကျေးရွာအပါအဝင် အနီးဝန်းကျင်ရှိ သာယာစု၊ မတူတောစသည့် ကျေးရွာများတွင်လည်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရေကို ရေဆင်းဆည်မှ လွှတ်ပေးသည့် ဆည်ရေသောက်စနစ်ကို သုံးသဖြင့် စပါး အောင်သည်အထိ ရေအတွက် အခက်အခဲမရှိကြောင်း၊ ပြီးခဲ့သည့် နှစ်က စပါးတစ်တင်းလျှင် ငွေကျပ် ၄၀၀၀ မှ ငွေကျပ် ၄၅၀၀ ဝန်းကျင်အထိ ရောင်းချရပြီး ယခုနှစ်အတွင်း ယင်းစျေးအောက် လျော့လိမ့်မည် မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းရက် ၉၀ စပါးမျိုးသည် ရက်တိုတိုဖြင့် အထွက်နှုန်းကောင်းသောကြောင့် ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ နေရာဒေသအချို့တို့တွင် စမ်းသပ်စိုက်ပျိုးမှုများပြုလုပ်လာကြောင်းနှင့် မိုးရေလုံလောက်စွာမရသည့် နေရာများအတွက်လည်း အထူးသင့်တော်သည့် စပါးမျိုးဖြစ်သောကြောင့် တောင်သူများအတွက် အဆင်ပြေသည်ဟု စိုက်ပျိုးရေးဌာနက အကြံပြုပြောကြားကြောင်း သိရသည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၁၀-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၃၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၁၄၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၃၃၅၀၀

စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၂၀
ဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၀၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၉၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနှိုင်းများ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်းဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၀၀-၁၀၀၈
ဥရောပ	တစ်ယူရို	၁၂၇၀-၁၂၈၈
စင်ကာပူ	တစ်ဒေါ်လာ	၇၈၄-၇၉၆
ထိုင်း	တစ်ဘတ်	၃၂-၃၂.၅၇
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇၆
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဒီယာအသစ်)	တစ်အိတ်	၁၅၅၀၀-၁၅၈၀၀
ပေါ်ကျဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၉၀၀၀-၃၃၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၀၇
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၁၁၅-၄၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၇၅-၁၈၇၅
ကြက်သွန်ဖြူ(ကြေကုတ်)	တစ်ပိဿာ	၁၅၇၅-၁၆၀၀
အာလူး(ရှုံး)	တစ်ပိဿာ	၅၅၀-၇၂၀
ငရုတ်ရှည် (နီးတောင်)	တစ်ပိဿာ	၂၃၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၉၀၀
သကြား	တစ်ပိဿာ	၉၀၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စွေ့တင်ပြသည်။

အမှိုက်များအား ခေါင်းလောင်းတီးစနစ်ဖြင့် နေ့စဉ်သိမ်းဆည်းဆောင်ရွက်လျက်ရှိ

တပ်ကုန်း အောက်တိုဘာ ၃၀

နေပြည်တော် တပ်ကုန်းမြို့တွင် မြို့ပေါ်ရပ်ကွက် (၆) ရပ်ကွက်ရှိပြီး ဒေသခံပြည်သူများ စွန့်ပစ်သည့် အမှိုက်များကို တပ်ကုန်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ ခေါင်းလောင်းတီးစနစ်ဖြင့် သိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး နေ့စဉ် အမှိုက်သိမ်းဆည်းပေးနိုင်မှုမှာ ၂၅ တန်ခန့်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့ပေါ် (၆) ရပ်ကွက်ကို အမှိုက်သိမ်းယာဉ်ခြောက်စီးဖြင့် နေ့စဉ် အပိုင်းလိုက် အလှည့်ကျသိမ်းဆည်းပေးသည့်အပြင် မြို့မစျေးနှင့် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံမှ ထွက်ရှိသော အမှိုက်များကိုလည်း အမှိုက်သိမ်းယာဉ်တစ်စီးစီ သီးသန့်ထားရှိပြီး သိမ်းဆည်းပေးလျက်ရှိသည်။ ၎င်းအပြင် စည်ကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်များကိုလည်း လိုက်လံသိမ်းဆည်းပေးလျက်ရှိသည်။

တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးမှူးရုံးမှ မြို့ပေါ်ရပ်ကွက်များရှိ အမှိုက်များကို သန့်ရှင်းရေးဝန်ထမ်း (နေ့စား၊ ပုတ်ပြတ်လုပ်သား အပါအဝင်) ၄၀ အမှိုက်သိမ်းယာဉ် ရှစ်စီးဖြင့် အမှိုက်သိမ်းလမ်းကြောင်းများ သတ်မှတ်၍ နေ့စဉ် လိုက်လံသိမ်းဆည်းခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝ၂၁)

ကျေးဇူးတင်ရှိခြင်း

ကျွန်တော်/ကျွန်မတို့၏ မင်္ဂလာပွဲအားလုံးတွင် မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော New Star(Gems & Jewellery) နှင့် Precious (Gems & Jewellery) ရတနာဆိုင်များအားလည်းကောင်း၊ သိန်းညိုလွန်းရာကျော်ပိုးထည်တိုက် (အမရပူရ)အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

မောင်ခွန်ရဲမင်းကိုကို-မအင်ကြင်းသူရ

ကြေညာချက်

မြန်မာဖိုင်ဘာအော့ပ်တစ်ကွန်မျူနီကေးရှင်းနက်ဝပ်ခ်ကုမ္ပဏီလီမိတက်၏ ဝန်ထမ်းဖြစ်သူ ဦးအောင်ခိုင်လွင် ဧ/ပဥလ(နိုင်)၀၂၁၉၆၂ သည် ၂၀၁၄ ခုနှစ် ၈ လပိုင်းမှစ၍ ယနေ့ထိ ကုမ္ပဏီနှင့်ဆက်သွယ်မှုမပြုလုပ်ခဲ့ပါ။ ကုမ္ပဏီမှသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းချက်ထဲမှ တစ်ချက်ဖြစ်သော "မိမိကိုယ်တိုင်အလုပ်မှ နုတ်ထွက်ခြင်း"ဟူသည့် အချက်ပင်ဖြစ်သည်။ ထို့ကြောင့် ၎င်းနှင့်ပတ်သက်၍ ဓောက်နောင်ဖြစ်ပေါ်လာသော ငွေရေးကြေးရေးနှင့် တရားဥပဒေဆိုင်ရာကိစ္စအဝဝမှန်သမျှအားလုံးသည် ကုမ္ပဏီနှင့်လုံးဝမသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာဖိုင်ဘာအော့ပ်တစ်ကွန်မျူနီကေးရှင်းနက်ဝပ်ခ်ကုမ္ပဏီလီမိတက်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၃၅

ဒေါ်မြင့်မြင့်မေ နှင့် ဦးဇော်မင်း

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ မြဝတီရည်လမ်း၊ အမှတ် ၁၄၅/ကနေ တရားပြိုင် ဦးဇော်မင်း(ယခုနေရပ်လိပ်စာမသေ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အကြောင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၄ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကျယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ဖို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဤရုံးတော်တဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေလင်း)

ဒုတိယခရိုင်တရားသူကြီး(၂)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး



ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁) တက္ကသိုလ် ဝင်တန်း(B) မှ မောင်ပန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကျမဲဆော်ဖြစ်ပါကြောင်း။

ဦးကျမဲဆော်

ဥတုရာသီ တောကိုမို

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/1942 နှင့် 4G/2069 တို့၏ ဖောင်းကြွနံပါတ်ပြားများပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားများ ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

စပိန်နှင့်အင်္ဂလန်အသင်းတို့ရဲ့ အနေအထား

မိုးမြင့်လင်းလက်

နာမည်ကြီးစပိန်အသင်းဟာ ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်ပေမယ့် ဖီဖာရဲ့ အခုအောက်တိုဘာလ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ အဆင့် ၁၀ အထိ ရောက်ရှိနေတာမို့ စပိန်ဘောလုံးပရိသတ်တွေ အားမလိုအားမရဖြစ်နေပါတယ်။

အောက်တိုဘာလအတွက် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံဂျာမနီအသင်းက ကမ္ဘာ့အဆင့်(၁)နေရာမှာ ရပ်တည်နေပြီး အာဂျင်တီးနားက ဒုတိယ၊ ကိုလံဘီယာက တတိယ၊ ဘယ်လ်ဂျီယံက စတုတ္ထ၊ ဟော်လန်က ပဉ္စမ၊ ဘရာဇီးက ဆဋ္ဌမ၊ ပြင်သစ်က သတ္တမ၊ ဥရုဂွေးက အဋ္ဌမ၊ ပေါ်တူဂီက နဝမဖြစ်ပြီး အဆင့်ဒသမနေရာမှာတော့ စပိန်တို့ပဲ ဖြစ်ပါတယ်။

စပိန်အသင်းဟာ ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာ အုပ်စုအဆင့်ကပဲ ထွက်ခဲ့ရတာမို့ မျက်နှာပျက်၊ အရှက်ရဖွယ်ဖြစ်ခဲ့တဲ့အပြင် ယူရိုခြေစစ်ပွဲမှာလည်း ဆလိုဗက်ကီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့တာမို့ အခုအောက်တိုဘာလအတွက် ဖီဖာသတ်မှတ်ချက်အဆင့် ၁၀ နေရာကို ရောက်ရှိသွားခြင်း ဖြစ်ပါတယ်။

စပိန်အသင်းဟာ ကစားသမားကောင်းတွေစုစည်းထားနိုင်ပေမယ့် အသင်းလိုက်စုစည်းမှု၊ ကစားအားကောင်းမွန်မှုတို့မှာ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပြီး နည်းပြဒဲလ်ဘော့စ်စကေးကလည်း နည်းစနစ်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာ ပြောင်းလဲမှုတွေပြုလုပ်ဖို့ လိုအပ်ချက်တွေရှိနေပြီဖြစ်တယ်လို့ သုံးသပ်ဝေဖန်မှုတွေ ထွက်ပေါ်နေပြီဖြစ်ပါတယ်။

စပိန်ထက်ပိုဆိုးရွားတာကတော့ အင်္ဂလန်အသင်းပဲ ဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ အောက်တိုဘာလအတွက် အဆင့်(၂၀) ရောက်ရှိနေတာဖြစ်ပြီး လက်ရှိခြေစွမ်းပိုင်းကို တိုးတက်အောင် မစွမ်းဆောင်နိုင်ရင်တော့ လာမယ့် နိုဝင်ဘာ အဆင့်သတ်မှတ်ချက်က ပိုမိုများပြားဖွယ်ရှိနေပါတယ်။

အင်္ဂလန်နည်းပြ ရွိုင်ဟော့ဆင်အနေနဲ့ ကစားသမားကောင်းတွေ ပေါများနေပေမယ့် ရွေးချယ်မှု၊ နေရာချခင်းကျင်းမှုနဲ့ နည်းဗျူဟာပိုင်းတွေမှာ လိုအပ်ချက်တွေရှိနေတယ်လို့ ဆိုပါတယ်။ အင်္ဂလန်အသင်းဟာ အောင်မြင်မှုတွေနဲ့ ဝေးကွာနေတာဟာ နည်းပြနဲ့ အများကြီးသက်ဆိုင်တယ်လို့ ဆိုပါတယ်။

အင်္ဂလန်အသင်းဟာ ယူရိုခြေစစ်ပွဲရဲ့ အုပ်စု (C)မှာ ဆွစ်ဇာလန်၊ ဆမ်မာရီနို၊ အက်စတိုးနီးယားတို့နဲ့ ကစားခဲ့တဲ့ပွဲစဉ်တွေမှာ နိုင်ပွဲတွေရရှိထားပေမယ့် ပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေရရှိဖို့အတွက် အားထုတ်မှုတွေ လုံလောက်မှုမရှိသေးလို့ ဝေဖန်လျက်ရှိပါတယ်။

လက်ရှိခြေစွမ်းအရ အင်္ဂလန်အသင်းဟာ အခုယူရိုပွဲမှာလည်း အောင်မြင်မှုရဖို့ မလွယ်ကူသလို ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေမှာ နှေးကွေးနေလို့ နည်းပြ ရွိုင်ဟော့ဆင်ကို ထုတ်ပယ်ပြီး နည်းပြအသစ် ပြောင်းလဲဖို့ တောင်းဆိုမှုတွေရှိနေတယ်လို့ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ဆိုနေပါတယ်။

ဒါကြောင့် ကမ္ဘာ့ဘောလုံးစင်မြင့်ထက်က စပိန်နဲ့အင်္ဂလန်တို့ရဲ့ အနေအထားဟာ ဘောလုံးလောကမှာ အစဉ်အလာကြီးမားပေမယ့် အောင်မြင်မှုတွေ အနာဂတ်မှာရရှိဖို့တာဆိုတာ ပဟေဠိဆန်လာနေပြီဖြစ်ပါတယ်။

လက်ရှိချန်ပီယံ မန်စီးတီးပြိုင်ပွဲမှထွက်ခဲ့ရ

ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲအဖြစ် လက်ရှိချန်ပီယံ မန်စီးတီးနှင့် နယူးကာဆယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယူးကာဆယ်ကို နှစ်ဂိုးပြတ်ဖြင့် ရှုံးပြီး မန်စီးတီးတို့ပြိုင်ပွဲမှထွက်ခဲ့ ရသည်။ နယူးကာဆယ်အတွက် အဖွင့်ဂိုးကို ဆယ်ကျော်သက်တိုက်စစ်မှူး အာရွန်ကပွဲစပြီး ခြောက်မိနစ်အကြာတွင် သွင်းယူခဲ့သည်။ နယူးကာဆယ်ဂိုးသမား ရော့အယ်လော့က ဂျိုဇီဒက်၏ အပိုင်ကန်သွင်းမှုကို ကာကွယ်နိုင်ခဲ့သည်။ နယူးကာဆယ်၏ ဒုတိယအနိုင်ဂိုးကို ဆစ်ဆိုကိုက ဒုတိယပိုင်း ၇၅ မိနစ်တွင် သွင်းယူခဲ့သည်။ အလားတူ စပါးအသင်းက ဘရိုက်တန်ကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ကွာတားတက်လာသည်။ ကွာတားဖိုင်နယ်ပွဲအဖြစ် စပါးနှင့်နယူးကာဆယ်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဟဒီနန်အား အက်ဖ်အေက သုံးပွဲပိတ်ပင်

ကျူပီအာနောက်တန်းကစားသမား ဟဒီနန်အား တွစ်တာဝက်ဆိုက်တွင် အက်ဖ်အေမကောင်းကြောင်း မှတ်ချက်ပေးခဲ့သည့်အတွက် သုံးပွဲပိတ်ပင်ပြီး ပေါင် ၂၅၀၀၀ ဒဏ်ရိုက်ခဲ့သည်။

အသက် ၃၅ နှစ်ရှိ အင်္ဂလန်ကစားသမားဟောင်း ဟဒီနန်အား အက်ဖ်အေက ယင်းမှတ်ချက်အပေါ် သတိပေးခဲ့သည်ဟု ဆိုသည်။ မန်ယူကစားသမားဟောင်း ဟဒီနန်သည် ၂၀၁၁ ခုနှစ် ဇွန်လမှ စတင်ကာ အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၈၁ ပွဲ ပါဝင်ကစားခဲ့သူဖြစ်သည်။

ဥရောပ ပြည်တွင်းလိဂ်ပွဲစဉ်များ သီဟ

စပိန်လာလီဂါ ပွဲစဉ်(၁၀) **နိုဝင်ဘာ ၁**

ဒီပို့တီဗို	-	ဂီတာဖေး	နံနက် ၂း၁၅

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၀) **နိုဝင်ဘာ ၁**

ရှော်လ်ကေး	-	အော့စ်ဘတ်	နံနက် ၂း၁၅

ပြင်သစ်လီဂူး ပွဲစဉ်(၁၂) **နိုဝင်ဘာ ၁**

မိုနာကို	-	ရိမ်းစ်	နံနက် ၂း၀၀

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၁၅) **နိုဝင်ဘာ ၁**

နော့ဝှစ်ချ်	-	ဘော်လ်တန်	နံနက် ၂း၁၅

ဒီပို့တီပို Vs ဂီတာဖေး

စပိန်လာလီဂါ ပွဲစဉ်(၉)အပြီး ဒီပို့အသင်းက ရမှတ် ရှစ်မှတ်နဲ့ အဆင့် ၁၆ တန်းဆင်းဇုန်နားမှာ ရပ်တည်နေပြီး အိမ်ကွင်းလေးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပါတယ်။ ဂီတာဖေးက ရမှတ် ဆယ်မှတ် အဆင့် ၁၂မှာ ရပ်တည်နေပြီး အဝေးကွင်းလေးပွဲမှာ တစ်ပွဲနိုင်၊ သုံးပွဲရှုံးထားပါတယ်။ သူတို့နှစ်သင်းတွေဆုံမှ ဆယ်နှစ်အတွင်း ဒီပို့အိမ်ကွင်း ရှစ်ပွဲမှာ အိမ်ရှင်ဒီပို့က သုံးပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ အဝေးကွင်းရလဒ်မကောင်းတဲ့ ဂီတာဖေးနဲ့ ခြေရည်ခန်မှန်းရခက်တဲ့ အိမ်ရှင်အသင်းတို့ ယှဉ်ပြိုင်ကြမယ့် ပွဲဟာ ပရိသတ်အကြိုက် ကြည့်ကောင်းမယ့်ပွဲဖြစ်ပြီး နှစ်သင်းစလုံးကလည်း အမှတ်လိုနေတာကြောင့် ရှုန်းကန်ကြမှာပါ။ ပြိုင်ဆိုင်မှုပြင်းထန်မယ့် လာလီဂါ အစောဆုံးပွဲစဉ်ဖြစ်တဲ့ ဒီပို့နှင့်ဂီတာဖေးပွဲကို ညှော့်သည်အသင်းကိုပဲ အကြိုက်တွေ့မိပါတယ်။

အောက်တိုဘာ ၂၉/၃၀ ဂိုးရလဒ်များ

စပိန်ကိုပါဒယ်ရေးဖလား

ကော်နယ်လာ	၁-၄	ရီးရဲမက်ဒရစ်
ဆာဘာဒယ်လ်	၁-၆	ဆီဗီလာ

ပြင်သစ်လိဂ်ဖလား

နိုက်စ်	၅-၆	မတ်ဇ်
ရန်းနက်စ်	၂-၁	မာဆေး

ဂျာမန်ပိုကယ်ဖလား

မက်ဒီဘတ်	၆-၇	လေဗာကူဆင်
ကစ်ကာ	၀-၁	ဘရန်းရှ်ဂွစ်
၁၅၆၀မန်ချန်	၂-၅	ဖရိုင်းဘတ်
လိုင်ပဇစ်	၃-၁	အူး
ဟမ်းဘတ်	၁-၃	ဘိုင်ယန်မြူးနစ်
ဟော်ဖန်ဟိမ်း	၅-၁	FSV ဖရန့်ဖတ်
ဝုဖ်ဘတ်	၄-၁	ဟိုက်ဒန်ဟိမ်း
ဖရန့်ဖတ်	၁-၂	မိုချန်ဂလက်ဘတ်

အီတလီစီးရီးအေ

အတ္တလန္တာ	၁-၁	နာပိုလီ
ကက်ဂလီယာရီ	၁-၁	အေစီမီလန်
ဖီအိုရင်တီးနား	၃-၀	အူဒီးနိစ်
ဂျီနိုအာ	၁-၀	ဂျူဗင်တပ်စ်
အင်တာမီလန်	၁-၀	ဆမ်ပိုးရီးယား
ပါလာမို	၁-၀	ချီယေဗို
ရိုးမား	၂-၀	ဆီဗီနာ
တိုရီနို	၁-၀	ပါးမား

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၁၇၆၀ Htila Jeep, Jeep ယာဉ်လက်ဝယ်ရှိသူ ဦးစောနိုင် ၁၂/လကန(နိုင်)၀၁၆၀၀၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်

တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အုန်းပင်ရွာနေဦးဇေယျာမင်း၊ ကိုဝင်းမိုး၊ မနှင်းစန္ဒာအောင်၊ မောင်အောင်ကိုဝင်းတို့၏ ဖခင်ဦးတင်ဝင်း(ခ)ဦးတင်ဝင်းနိုင် ၉/ပဘန(နိုင်)၀၁၃၈၉၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နေပြည်တော်၊ အထက(၂)သတ္တမတန်း(ခ)မှ မောင်ရဲရင့်ဝင်း၊ ပဥ္စမတန်း(က)မှ မောင်အောင်သူကျော်၊ ဒုတိယတန်း(က)မှ မနှင်းပွင့်ဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းမိုလ် ၉/မထလ(နိုင်)၂၀၄၃၈၇ ဖြစ်ပါကြောင်း။

ဦးဝင်းမိုလ်

၉/မထလ(နိုင်)၂၀၄၃၈၇

အမည်မှန်

ဦးတင်မောင်ညို၏သား ကယား ပြည်နယ်၊ လွိုင်ကော်မြို့၊ အလက(၁)၊ တက္ကသိုလ်ဝင်တန်း (ခ)မှ မောင်ခိုင်ခဲ့မောင်အား မောင်ခိုင်ခန့်မောင် ၂/လကန(နိုင်)၁၀၅၅၀၁ ဖြစ်ပါကြောင်း။

မောင်ခိုင်ခန့်မောင်

မီးသတိပြု

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နယ်မြေ(၁၁)၊ ကမ္ဘောဇလမ်း၊ အိမ်အမှတ်(၂၁/၁၁)နေ ကျွန်မ ဒေါ်ရှောက်ခါး(ခ)ရှောက်ဆူး၏သားမောင်သန်းထွန်း ၁၃/တကန(နိုင်)၂၃၈၅၉၄သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူပါသဖြင့် ၄င်းအားယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဒေါ်ရှောက်ခါး(ခ)ရှောက်ဆူး

ပျောက်ဆုံး

ကျွန်တော် အာကာအောင် CDC-92578 ၏ သင်္ဘောသား Certificate BST,Tanker, Pre-Sea, PSC&RB,SID, SSA များ ခရီးသွားရင်း ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၁၀၉၂၁၆၄

အမည်ပြောင်း

မြောက်ဥက္ကလာ၊ ၈/ရပ်ကွက် ဦးသက်ဝင်း ၁၂/ဥကမ(နိုင်)၀၅၈၆၅၃ ၏ သမီး မမေသရဖူအား ယနေ့မှစ၍ မမေသက်ဖြူဟု ခေါ်ဆိုပါရန်။

မမေသက်ဖြူ

တိုက်ခန်းရောင်းမည်

(၁၅ပေ×၀၅၀)ကြွေပြားတစ်အိမ်လုံးခင်း သံပန်းအပြည့်ပါ ပြင်ဆင်ပြီးအသင့်နေ အိပ်ခန်းနှစ်ခန်း၊ ဧည့်နှီး၊ ကျောင်းနီး၊ လမ်းမကျယ်၊ သုံးလွှာ၊ သဃ်နံးကျွန်း(သိန်း၄၀၀ ညှိနှိုင်း)

ဖုန်း-၀၉-၂၅၀၂၆၉၀၇၄၊ ၀၁-၅၄၂၇၁

ဖခင်အမည်မှန်

အထက(၃)မရမ်းကုန်း၊ တက္ကသိုလ်ဝင်တန်းမှ မမေဇွန်ထက်၏ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် ၉/မလန(နိုင်)၀၀၀၀၂၇ ဖြစ်ပါကြောင်း။

ဦးသန်းလှိုင်

ဝန်ထမ်းအလိုရှိသည်

ကျွမ်းကျင်စားပွဲထိုးဝန်ထမ်း ကျား ၃ ဦး၊ မ ၂ ဦး

မန္တလေးအစားအစာ၊ရန်ကုန်အစားအစာကျွမ်းကျင်**အမျိုးသမီး ၁ ဦး** ကျွမ်းကျင်မှုအလိုက် လစာကောင်းကောင်းရမည်။

ရွှေအိပ်မက်ကဖေး၊

အမှတ် ၁၅၆၊ ကျည်တောင်ကန်-ပျဉ်းမနား၊

ကွန်ကရစ်လမ်းမကြီးဘေး၊

ဖုန်း-၀၆၇-၅၀၀၈၀၀၊ ၀၉-၄၀၁၅၇၁၅၁၅



ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ ပန်းခင်း၊ မြေကွက်/ဦးပိုင်အမှတ် ၁၃/၈၉၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ပါမစ်မြေကွက်အားဒေါ်ရီရီမော် ၉/လဝန(နိုင်)၀၁၂၉၈၉(ဘ)ဦးလှအောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

SAMSUNG
JUST ALPHA
Style. Slim. Metal.
Samsung GALAXY ALPHA
•4.7" HD sAMOLED •12MP Camera •LTE cat.6 Ready •Metal Frame
Customer Contact Center 01-2399 888
samsungmyanmar
Samsung Customer Service Plaza (Sule) (ဖိုဝင်းခန်း သီဇင်) အမှတ် (၁၉၅) ၊ မဟာဗန္ဓုလလမ်းမကြီး(အလယ်) ၊ ကရောကတောင်ကြီး နယ် ၊ မြို့ကုန်ကြီး စုန်း - (၁၁) ဂုဂုဂုဂု ၊ ဂုဂုဂုဂု
Samsung Customer Service Plaza (Thein Phyu) (ဖိုဝင်းခန်း နှင့် သီဟတ်ထဆေးဆုံးမရုံးဦးဆောင်) အမှတ် (၁၂၆/၁၃၁) ၊ သိမ်ဖြူကုလား ၊ မဟာဗောဓိညွှန်ကြီး နယ် ၊ မြို့ကုန်ကြီး စုန်း - (၁၁) ဂုဂုဂုဂု ၊ ဂုဂုဂုဂု
Samsung Customer Service Plaza (Mandalay) အမှတ် (၉၇၃) ၊ ၈၉လမ်း (၃၂လမ်း နှင့် ၃၃လမ်းကြား) ၊ မန္တလေးကြီး စုန်း - (၀၂) ၇၆ ၂၄၃

စဉ့်ကိုင်မြို့နယ်အတွင်းရှိ တစ်စင်းတည်းသောသံမဏိကြိုးတံတားကြောင့် ကျေးလက်နေပြည်သူများ အဆင်ပြေလျက်ရှိ

စဉ့်ကိုင်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ဇော်ဂျိမြစ်ပေါ်တွင် ဉာဏ်ကွေ့ကျေးရွာအနီး၌ ဂျာမနီနိုင်ငံမှ အလှူရှင်တစ်ဦး လှူဒါန်းထားသော သံမဏိကြိုးတံတားတစ်စင်းရှိသည်။ တံတားအတွက် လိုအပ်သောဆက်စပ်ပစ္စည်းများအတွက် ကုန်ကျစရိတ်မှာ ငွေကျပ်သိန်းပေါင်း ၅၁၀ ခန့်တန်ဖိုးရှိပြီး အဆိုပါကုန်ကျစရိတ်ကို ဂျာမနီနိုင်ငံမှ အလှူရှင်တစ်ဦးက လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အရှေ့ဘက်ကမ်းကပ်ခုံမှာ အရှည်ပေ ၇၀၊ အမြင့် ၁၅ ပေရှိပြီး အနောက်ဘက်ကမ်းကပ်ခုံမှာ အရှည် ၁၀၄ပေ၊ အမြင့် ၁၇ပေ ရှိကြောင်း ၊ ကမ်းကပ်ခုံနှစ်ခုအတွက် ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ် ၉၅ သိန်းဖြစ်ပြီး အဆိုပါကုန်ကျငွေကို ဒေသခံပြည်သူများက စုပေါင်းထည့်ဝင်ကြခြင်းဖြစ်ကြောင်း၊ အဆိုပါသံမဏိကြိုးတံတားကို စဉ့်ကိုင်မြို့ စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်က ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုအခါ အဆိုပါသံမဏိကြိုးတံတားကိုဖြတ်သန်း၍ အလွယ်တကူသွားလာနိုင်သောကြောင့် ကုန်စည်စီးဆင်းမှုများ လျင်မြန်လာပြီး ဒေသထွက်ကုန် ပစ္စည်းများကို ကျောက်ဆည်၊ စဉ့်ကိုင်၊ မန္တလေးစျေးကွက်များသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ရောင်းချနိုင်သဖြင့် အကုန်အကျသက်သာပြီး၊ အကျိုးအမြတ်များလျက်ရှိကြောင်း၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကိစ္စများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်လာနိုင်မှုကြောင့် ဒေသစီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ မိသားစုအလိုက် ဝင်ငွေတိုးတက်လာမှုကြောင့် မကြာမီကာလ၌ ဉာဏ်ကွေ့ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းနိုင်တော့မည်ဖြစ်ကြောင်း၊ ထရန်စဖော်မာထိုင်မည့် အုတ်ခုံတည်ဆောက်ပြီးစီးပြီဖြစ်၍ ကွန်ကရစ်ဓာတ်တိုင်များလည်း စိုက်ထူပြီးဖြစ်ကြောင်း၊ ဓာတ်ကြိုးများ သွယ်တန်းရန်နှင့် ထရန်စဖော်မာအထိုင်ချ တပ်ဆင်ရန်သာလိုတော့ကြောင်း ဒေသခံတစ်ဦးက ရှင်းလင်းပြောပြသဖြင့် သိရသည်။

(၁၆၀)

ကွမ်းခြံစုကျေးရွာ၌ ဗီယက်နမ် စပါးစံပြကွက်ရိတ်သိမ်း

တောင်တွင်းကြီး အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့နယ် ကွမ်းခြံစုကျေးရွာ ကွင်းအမှတ် (၂၀၁၁)၊ တောင်သူ ဦးမောင်နိုင်၏ ကန်တော်ကြီး ဆည်ရေသောက် မိုးစပါးဗီယက်နမ်တစ်ဧက၊ စံပြစိုက်ခင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခြင်းလေ့ရာတစ်ဧက ၁၈၅ တင်း၊ ထွက်ရှိကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ဆည်ရေသောက်ဒေသများ၌ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့် အထွက်ကောင်းပြီး ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများကို ရွေးချယ်၍ သပ်ပွဲနည်းကျ စိုက်နည်းစနစ် ၁၄ ချက်နှင့်အညီ စိုက်ပျိုးသွားရန်တို့ကို ရှင်းလင်းပြောကြားကာ ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးသည်။

ယင်းဗီယက်နမ် မျိုးစပါးသည် တစ်ဧကလျှင် ၁၈၅ တင်းထွက်ရှိခြင်း၊ အပင်သန့်စွမ်းမြင့်မားခြင်း၊ အပင်သက်တမ်းတိုခြင်း၊ ဆန်အရည်အသွေး အရသာကောင်းမွန်ခြင်း၊ ရောဂါနှင့်ပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်း၊ စျေးကွက်ဝင်စပါးမျိုးဖြစ်ခြင်းတို့ကြောင့် ဒေသခံတောင်သူအများစုကြိုက်နှစ်သက်ကြပြီး ယခုနှစ် နွေစပါးကိုလည်း ဗီယက်နမ်စပါးမျိုးကိုသာ ရွေးချယ်စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။ **(လ/ဝ ၂၁)**

ပြည်ထွင်းသတင်းနှင့် ကြော်ငြာ

မဟာမြတ်မုနိပုံတူ ကြေးဆင်းတုတော်ကြီးကို အလွယ်တကူဖူးမြော်စေရန် နေရာရွှေ့ပြောင်း ကိန်းဝပ်စံပယ်နိုင်ရေး ကြိုးပမ်း

နတ်မောက် အောက်တိုဘာ ၃၀

